# ရေးလာတဲ့ ပေးစာ




အယ်ဒီတာခင်ဗျား . . .

ဟိုတလောက ကြံ့ဖွတ်ခေါ် ပြည်ခိုင်ဖြိုး(USDA)အသင်းကို နအဖ စစ်အုပ်စုက ဒင်းတို့ရဲ့အမာခံအင်အားအဖြစ် အသုံးချဖို့ နိုင်ငံရေးပါတီ ပုံစံပြောင်းပစ်မလိုလိုသတင်းတွေ ကြားမိပါတယ်။ ဒီတနှစ် နှစ်နှစ်အတွင်း မှာနအဖညောင်နှစ်ပင်ညီလာခံက ဒင်းတို့အလိုကြိုက်စစ်ဗိုလ်တမတ်သား အခြေခံဥပဒေကို အပြီးရေးဆွဲပြီး မူလလမ်းပြမြေပုံအဆင့် ၇ ဆင့်အတိုင်း မသွားတော့ဘဲ(ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအဆင့်ကိုမလုပ်တော့ဘဲ) စစ်မှုထမ်းဟောင်းအဖွဲ့၊ အမျိုးသမီးရေးရာ၊ မိခင်နဲ့ကလေး၊ မီးသတ်၊ ပြည်သူ့စစ်စတာတွေအားလုံးပေါင်းစုသိမ်းကြုံး – ကြံ့ဖွတ်အင်အားအဓိကထားတဲ့ ဟန်ပြလူထုထောက်ခံပွဲနဲ့ အခြေခံဥပဒေသစ်အတည်ပြုဘို့ ကြံစည်ရည်ရွယ်တဲ့အရိပ်အရောင်တွေ တွေ့ရတယ်လို့လဲ သိရှိထားပါတယ်။

ဒီနေရာမှာ ကြံ့ဖွတ်နဲ့ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ အချက်အချို့ကို ပြောပြလိုပါတယ်။

ကြံ့ဖွတ်ဟာတပြည်လုံးမှာ အသင်းဝင်လူဦးရေသန်း ၂၀ ကျော်ရှိတယ်။ တက်ကြွတဲ့နိုင်ငံ့အင်အားဖြစ်တယ်။ မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေးအတွက် နိုးကြားတဲ့အင်အားစုကြီးဖြစ်တယ်လို့ နအဖ ဝါဒဖြန့်ယန္တရားတွေက နေ့စဉ်ရက်ဆက်ကြွားလုံးထုတ်နေတယ်။

အရင်းစစ်က အမြစ်မြေဆိုသလို ကြံ့ဖွတ်ရဲ့အတွင်းသရုပ်သကန်ကို လှန်လှောလိုက်ရင် နအဖစစ်အာဏာပိုင်တွေ လေလုံးထွားတဲ့ မုသားဖြစ်နေတာကို တွေ့ရမှာပါ။

ကျနော်လည်းပဲ အကြောင်းကြောင်းကြောင့် ကြံ့ဖွတ်အသင်းဝင်တယောက်ဖြစ်နေပါတယ်။ ကျနော်တို့သီပေါမြို့နယ်ထဲမှာရှိတဲ့ ကြံ့ဖွတ်အသင်းဝင်ဟာ ၇ သောင်းကျော်ရှိတယ်။ မြို့တွင်း ၁၀ ရပ်ကွက်စလုံးမှာ အသင်းဝင်၂၅၀၀၀ လောက်ရှိတယ်။ ဝန်ထမ်းလောကက အများဆုံးပါ။ ကျောင်းသူ/သား၊ ဆရာ/မတွေနဲ့ လူမျိုးပေါင်းစုံလူတန်းစားပေါင်းစုံ ပါဝင်တယ်။ ကျနော်သိရသလောက်ကတော့ အဲဒီအထဲမှာ နအဖ စစ်အုပ်စုရဲ့တကယ့်အမာခံက အလွန်ဆုံးရှိရင်အယောက် ၂၀၀၀ ထက် မပိုနိုင်ပါဘူး။ ဒါတောင်မှ နအဖရဲ့နိုင်ငံရေးမူဝါဒ၊ ရည်မှန်းချက်လမ်းစဉ်၊ လုပ်နည်းလုပ်ဟန်ကို နှလုံးသားထဲယုံကြည်မှုမရှိတဲ့လူတွေတောင် နောက်ထပ်ဆန်ကာတင်စစ်ထုတ်လို့ရသေးတယ်။

နအဖအာဏာပိုင်တွေ တိုက်ရိုက်စွက်ဖက်ကြိုးကြပ်ကွပ်ကဲတဲ့ ကြံ့ဖွတ်လိုအသင်းမျိုးထဲ ပါဝင်ရတဲ့လူတွေကို ခွဲခြမ်းဆန်းစစ်လိုက်ရင် ၃ မျိုး ၃ စားရှိနေမှန်း ခပ်များများက သိထားကြတယ်။

(၁) ကြောက်လို့ (ဖိအားပေးခြိမ်းခြောက်ပြီး မဝင်မနေရအခြေဆိုက်လို့)
(၂) အခွင့်အရေးလိုချင်လို့ (ဆင်ဖြူတော်မှီကြံစုပ်ပြီး ရေနောက်တုန်း ငါးရှာချင်လို့)
(၃) အသက်ရှူချောင်ရာ ထွက်ပေါက်ရှာချင်လို့ (ကိုယ်လွတ်ရုံးချင်လို့)။

ကျနော်လည်း ရွေးခြယ်ရာလမ်းမရှိတော့ အဲဒီအမျိုးအစား ၃ ခု ထဲမှာပါနေလို့ ဝင်ခဲ့ရတာပါ။

အဲဒါကြောင့် မိမိရဲ့လက်ကိုင်တုတ်အဖြစ် နအဖတို့အသုံးချနေတဲ့ ကြံ့ဖွတ်ဟာ စက္ကူကျားသက်သက်ပါ။ အသံသာရှိပြီး အဆံမရှိပါဘူး။ ဒီမိုကရေစီရောင်နီသန်းလာတာနဲ့ **မှန်–ပြောင်း**ဘက်ဦးလှည့်လာမယ် ဆိုတာ ကျနော်အပြည့်အဝယုံကြည်တယ်။ **သာ–ကူး** ဘဝရောက်နေရတဲ့ကြံ့ဖွတ်ကို **မှန်–ပြောင်း**ဘဝရောက်လာအောင် (လွတ်လပ်တန်းတူမျှတမှုလိုလားသူတိုင်း၊ အမှန်တရားမြတ်နိုးသူတိုင်း) စည်းရုံးဆွဲခေါ် လမ်းညွှန်ဖို့၊ သူ့လူကိုယ်ဘက်သားဖြစ်အောင်လုပ်ဘို့ တိတ်ဆိတ်တဲ့ အင်အားစု Silent Force ဖြစ်အောင်ပြောင်းလဲပစ်ဖို့ အားလုံးမှာ အထူးတာဝန်ရှိတယ်လို့ ကျနော်တင်ပြချင်ပါတယ်။

**စိုင်းအုန်းဘောင် (ဆီပေါ)**
၇၊၂၊၂၀၀၆



### အနု–အကြမ်း မုဒိမ်းလိုင်စင်ရသူများ

ရှေ့တန်းနယ်စပ်ဒေသတွေမှာ စခန်းချနေတဲ့ စစ်အစိုးရတပ်တွေက သျှမ်းတိုင်းရင်းသူတွေအပေါ် အဓမ္မပြုကျင့်တယ်ဆိုတဲ့သတင်းတွေကို အရင်ကမယုံကြည်ခဲ့ပေမဲ့ အခုသျှမ်းပြည်ရောက်တော့ ဒီသတင်းတွေ မှန်ကန်တယ်လို့ ခန့်မှန်းသူတစ်ဦးကတော့ နန်းရဲန်ကျော်ကပါ။



“BBC နဲ့ VOA တို့က စစ်အစိုးရရဲ့စစ်သားတွေဟာ ရှေ့တန်းနယ်စပ်ဒေသတွေမှာရှိတဲ့ သျှမ်းတိုင်းရင်းသူတွေအပေါ် အဓမ္မကျင့်တယ်ဆိုတဲ့ စွပ်စွဲထုတ်လွှင့်မှုတွေကို နားဆင်ခဲ့တာ ၃–၄ နှစ်ရှိခဲ့ပါပြီ။ ရန်ကုန်မှာ အနေများတဲ့ ကျမတို့တတွေဟာ မယုံကြည်ခဲ့ပါဘူး။ လွန်ခဲ့တဲ့ အောက်တိုဘာလ ၂၀၀၅ က ကျမကျိုင်းတုံပြန်ခဲ့ပါတယ်။ ကျမအဖေက ဗမာ အမေကသျှမ်းပါ။ အမေ့မျိုးရိုးဖြစ်တဲ့ သျှမ်းပြည်ကို ပြန်တော့မှပဲ အရင်က ပြည်ပအသံလွှင့်ဌာနတွေ လွှင့်ထုတ်ခဲ့တဲ့ စစ်အစိုးရရဲ့စစ်သားတွေဟာ ကျေးလက်ဒေသတွေမှာရှိတဲ့ သျှမ်းတိုင်းရင်းသူတွေအပေါ် မုဒိမ်းကျင့်အနိုင်ကျင့်တယ်ဆိုတဲ့သတင်း မှန်ကန်တယ်ဆိုတာကို ခန့်မှန်းနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမတို့ကျိုင်းတုံပဝတအတွင်းရေးမှူးဟာ သူရုံးထိုင်တဲ့အခန်းမှာလဲမိုင်မိုင်လေးနဲ့ မြို့ထဲမှာလဲ မိုင်မိုင်လေးနဲ့ ဘဝလှနေတာကို ကျမသိခဲ့ရပါတယ်။ ကျိုင်းတုံမှာ ၂ လကျော်ကြာ အမေ့ရဲ့ဆွေမျိုးတွေဆီမှာနေတုံး သတင်းတွေလဲစုံလိုက်တာ။ တိုင်းမှူးအနားမှာနေတဲ့အရာရှိကြီးတွေရဲ့ လူ့ကျင့်ဝတ်ဆိုင်ရာဖေါက်လွဲဖေါက်ပြန်လုပ်နေမှုတွေဟာ အထက်ကလူတွေလဲသိမယ်ထင်ပါတယ်။ ပြည်နယ်ရုံးစိုက်ရာမြို့ကြီးတွေမှာတောင် ဒီလိုသားချင်းသမီးချင်းမစာနာဘဲ သျှမ်းအမျိုးသမီးတွေအပေါ် အရှိန်အဝါအားကိုးနဲ့ အနိုင်ကျင့်နေသေးရင် တောထဲတောင်ထဲမှာတာဝန်ကျတဲ့ စစ်ဗိုလ်စစ်သားတွေကတော့ ပြောမနေနဲ့။ ပိုလို့တောင်သောင်းကျန်းပြီး သျှမ်းအမျိုးသမီးတွေအပေါ် ဗိုလ်ကျအဓမ္မကျင့်ကြမှာဘဲလို့ ဆက်စပ်တွေးမိပြီး BBC ကတဆင့် ပြည်သူကြားကပြည်သူ့အသံကို ဖွင့်ချလိုက်ရပါတယ်။”

(မိုင်မိုင်ဆိုတာ ချောမောလှပတဲ့ ငယ်ရွယ်သူသျှမ်းအမျိုးသမီးအငယ်အနှောင်းကိုခေါ်တာဖြစ်ပါတယ်။)

**ကျိုင်းတုံသူတစ်ဦး**

### လူမရရင် – ငွေ

သျှမ်းပြည်မြောက်ပိုင်းသီပေါမြို့မှာ ပြီးခဲ့တဲ့ဒီဇင်ဘာလက စစ်သားစုဆောင်းရေးဆိုပြီး ကျေးရွာလူထုအပေါ် အတင်းအဓမ္မနိုင်လိုမင်းထက်ပြုကျင့်နေတာတွေကို သက်ဆိုင်ရာတွေသိအောင် တိုင်ကြားချင်ပေမဲ့ ဘယ်သူ့ကို တိုင်ရမှန်းမသိပါ။

ကျနော်တို့သီပေါမြို့နယ်မှာ ဒီဇင်ဘာ ၁ ရက်နေ့ကစပြီး စစ်သားစုဆောင်းရေးအတွက် တရပ်ကွက်ကို ၁ ယောက် တအုပ်စုကို ၂ ယောက်ကောက်ခံနေပါတယ်။ လူမပေးနိုင်ရင် ဒဏ်ငွေဆောင်ရပါတယ်။ စစ်သားသစ်တယောက်အတွက် ဒဏ်ငွေက ၅ သိန်းဖြစ်ပါတယ်။ ဒီဇင်ဘာလမကုန်ခင် ပေးသွင်းရမှာပါ။ သီပေါမြို့နယ်မှာရှိတဲ့ ကျေးရွာရပ်ကွက်တွေက ကောက်ခံတဲ့အတွက်ကြောင့် ကျနော်လဲ ဘယ်ကို တိုင်ကြားရမှန်းမသိပါဘူးဗျာ။

ကျနော်က တနေ့လုပ်တနေ့စား၊ ကလေးတွေလဲ ၅ ယောက်၊ ကျောင်းလခတွေနဲ့၊ အားလုံးစဉ်းစားကြည့်လိုက်ရင် ငရဲကျနေတာနဲ့ အတူတူပါဘဲဗျာ။ BBC ကတဆင့် သက်ဆိုင်ရာလူမှုကြီးကြပ်ရေးမှ လာရောက်ဖြေရှင်းပေးစေရန် ပြောကြားပေးပါ။

**(စိုင်းဆီပေါ်)**

• • • • • • • • • • • • • •

### လာဘ်ပေး–ရန်မလို

ကျနော်တို့ သျှမ်းပြည်မြောက်ပိုင်းရဲတပ်ဖွဲ့အခြေအနေကို ပြောပြချင်ပါတယ်။ ပြည်နယ်ရဲတပ်ဖွဲ့မှူးက ငွေပေးတဲ့ လူတွေကျတော့ မြို့ပေါ်မှာထားပါတယ်။ ငွေမပေးနိုင်တဲ့လူတွေကျတော့ တောစခန်းမှာဘဲ ဆက်ပြီးထားပါတယ်။ ကျနော်တို့တောစခန်းမှာက ငွေမရှိလို့ ထင်းခုတ်ရောင်းစားနေရပါတယ်။


ရဲတပ်ဖွဲ့တစ်စု

ကျနော်ဆိုရင် တောစခန်းမှာ ၄–၅ နှစ်ရှိလာပါပြီ။တနေ့အလုပ်လုပ်မှ တနေ့စားရတာပါ။ မြို့ပေါ်ရဲစခန်းတွေကျတော့ မူစယ်၊ ကွတ်ခိုင်၊ လားရှိုး၊ သိန္နီတို့က ငွေပေးနိုင်တဲ့လူတွေဆိုတော့ ၄–၅ နှစ် ၇ နှစ် နေနိုင်ကြပါတယ်။ တချို့ဆိုရင် ၁၀ နှစ်လောက်တောင် ရှိနေပါပြီ။ ဒီနေရာကပြောင်း ဒီနေရာဘဲပြန်ရောက်အောင် ငွေပေးပြီးလုပ်လို့ရပါတယ်။ အဲဒါ လူကြီးမင်းတွေစဉ်းစားပြီး ဆုံးဖြတ်ချက်ချပေးကြပါ။ နှစ်ပြည့်ရင် အကုန်ပြောင်းပေးကြပါ။ ဘယ်စခန်းဘဲဖြစ်ဖြစ် ငွေမကျက်ကြပါနဲ့ဗျာ။

**သျှမ်းပြည်မှ ရဲတစ်ဦး**

**ဒေါ်တင်ထားဆွေ BBC ၏ ပြည်သူကြားမှပြည်သူ့စကားကဏ္ဍ (၁၉၊၂၊၀၆ နံနက်ပိုင်း)**



INDP BUR 223.PMD 22 24/3/2549, 16:56

# သျှမ်းပြည်အမျိုးသားနေ့ သမိုင်းကြောင်း

သျှမ်းအမျိုးသားနေ့(သို့)သျှမ်းပြည်နယ်နေ့ဆိုတာ ပြည်ထောင်စုနေ့နဲ့တချိန်ထဲပေါ်ပေါက်ခဲ့ပါတယ်။ သျှမ်းအမျိုးသားတွေကတော့ အဲဒီနေ့ထူးနေ့မြတ်ကြောင့် ပင်လုံစာချုပ်ချုပ်နိုင်ခဲ့ပြီး လွတ်လပ်ရေးအတွက် လမ်းခင်းပေးခဲ့တာလို့တောင် ပြောနိုင်တယ်လို့ဆိုကြပါတယ်။ တကယ်လည်း သျှမ်းအမျိုးသားနေ့ဟာ ၁၉၄၇ ဖေဖေါ်ဝါရီ ၇ ရက်နေ့မှာ ဖြစ်ပေါ်ခဲ့တာမို့ ပြည်ထောင်စုဖြစ်စေတဲ့ ၁၂၊၂၊၄၇ ထက် ၅ ရက်စောနေတာတွေ့ရပါတယ်။

သျှမ်းသံတော်ဆင့်သတင်းဌာနရဲ့အယ်ဒီတာဦးခွန်းဆိုင်က အခုလိုရှင်းပြပါတယ်။

"သျှမ်းပြည်ထောင်စုကောင်စီ FSSC က သျှမ်းပြည်အတွက် အခွင့်အရေးတွေရအောင် လုပ်ဆောင်ခဲ့တဲ့ အချိန်မှာ ပင်လုံညီလာခံဖြစ်ပေါ်လာပါတယ်။ ဖေဖေါ်ဝါရီ ၃ ရက်ကနေ ၁၂ ရက်နေ့အထိပင်လုံမှာ ကျင်းပပါတယ်။ ၇၊၂၊၁၉၄၇ နေ့ရောက်တော့ British Commissionor ဆီကကြေးနန်းရောက်လာတယ်။ သျှမ်းပြည်စော်ဘွားတွေ သီးသန့်ပြည်ထောင်စုကောင်စီ ဖွဲ့စည်းတာကို လက်မခံနိုင်ဘူး။ နောက်ပြီး လူထုကိုယ်စားလှယ်တွေပါထည့်ပြီး ဒီကောင်စီဖွဲ့မယ်ဆိုတာလဲ သဘောမတူနိုင်ဘူး။ ဒီကိစ္စတွေအတည်ပြုချင်တယ်ဆိုရင် အရင်ကရှိခဲ့တဲ့ ပြည်ထောင်စုကောင်စီအစည်းကောင်စီမှာလာပြီး ဆုံးဖြတ်ချက်လုပ်ရမယ်လို့ညွှန်ကြားလာပါတယ်။ အဲဒီအတွက် ၇၊၂၊၄၇ ရက်နေ့ ညနေပိုင်းမှာ သျှမ်းပြည်စော်ဘွားတွေနဲ့ သျှမ်းပြည်ကိုယ်စားလှယ်တွေ အစည်းအဝေးလုပ်ပြီးတော့ အင်္ဂလိပ်အာဏာပိုင်ရဲ့ ကြေးနန်းကို အားလုံးဆန့်ကျင်လိုက်ကြတယ်။ တဆက်တည်းတုန့်ပြန် အကြောင်းကြားလိုက်တာက– ဒီလိုကျနော်တို့လုပ်တာကို မကျေနပ်ဘူးဆိုရင် British Commissionor အုပ်ချုပ်မှုအောက်မှာ မနေတော့ဘူး၊ လွတ်လပ်ရေးဘဲယူတော့မယ်။ ဒီလွတ်လပ်ရေးရယူဘို့အတွက် သျှမ်းပြည်ထောင်စုကောင်စီကို သီးသန့်ဖွဲ့စည်းလိုက်တယ်–ဆိုတဲ့ဆုံးဖြတ်ချက်ကို ချလိုက်ကြပါတယ်။"



သမိုင်းဝင်ပင်လုံညီလာခံဆွေးနွေးပွဲမြင်ကွင်းတစ်ကွက်

သျှမ်းခေါင်းဆောင်တွေရဲ့ဆုံးဖြတ်ချက်ဟာ ပြည်နယ်ပြည်မမခွဲဘဲ အတူတူလွတ်လပ်ရေးရဘို့ သျှမ်းပြည်ကိုလာပြီး ဆွေးနွေးခဲ့တဲ့ဗိုလ်ချုပ်အောင်ဆန်းအတွက် တအားဖြစ်စေခဲ့ပါတယ်။ ဖေဖေါ်ဝါရီလ ၇ ရက်နေ့ကိုအစက သျှမ်းအမျိုးသားနေ့လို့ခေါ်ကြပေမဲ့ သျှမ်းပြည်ထဲက တခြား တိုင်းရင်းသားတွေကိုလည်း ချန်ထားခဲ့တယ်ဆိုတာမျိုး မဖြစ်ရအောင် နောက်ပိုင်းမှာခေါ်ဝေါ်သုံးစွဲခဲ့ကြပါတယ်။

လွတ်လပ်ရေးလဲအတူရယူခဲ့ကြတယ်။ သျှမ်းပြည်မှာ သျှမ်းပြည်အစိုးရဆိုပြီးရှိနေခဲ့ရာကနေ ဗမာအစိုးရဖက်က ပင်လုံသဘောတူညီချက်တွေကို ဖေါက်ဖျက်ပြီးသျှမ်းပြည်အစိုးရအပေါ် ဖိနှိပ်မှုတွေလုပ်လာခဲ့တယ်။ ၁၉၅၀ ခုနှစ်လောက်မှာ သျှမ်းပြည်ထဲဝင်တပ်စွဲလာတဲ့ တရုပ်ဖြူတပ်တွေနှိမ်နှင်းဘို့ဆိုပြီး ဗမာစစ်တပ်က သျှမ်းပြည်ထဲဝင်လာရာကနေ သျှမ်းပြည်တွင်းမှာ ဗမာစစ်သားတွေရဲ့ဖိနှိပ်မှုကို သျှမ်းလူထုက ခံပြင်းခဲ့ကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး သျှမ်းတွေဘက်က ခံစားချက်ကိုတော့ ထိုင်းအခြေစိုက်သျှမ်းသမိုင်းသုတေသီဆရာစိုင်းက အခုလိုပြောပြပါတယ်။

ဦးခွန်းဆိုင်



သျှမ်းသံတော်ဆင့် အယ်ဒီတာ

"ပထမတော့ ဗမာနဲ့အတူ လွတ်လပ်ရေးယူရင် ပိုလွယ်မယ်ဆိုပြီး သျှမ်းခေါင်းဆောင်တွေက ဗမာအစိုးရကို ယုံကြည်အားကိုးလို့ ပူးပေါင်းလိုက်တာဖြစ်တယ်။ နောက်ပိုင်းကျတော့ သျှမ်းစော်ဘွားတွေခေါင်းဆောင်တွေကိုဖမ်းတယ်။ လွတ်လပ်ရေးရလာတော့လဲ ပင်လုံစာချုပ်အတိုင်းဖြစ်မလာတော့ မကျေနပ်မှုတွေဖြစ်လာလို့ တော်လှန်ရေးအဖွဲ့တွေ ပေါ်လာတယ်။ လွတ်လပ်ရေးဆုံးရှုံးရတယ်။ ကိုယ့်ရဲ့လူမျိုးဂုဏ်သိက္ခာလဲနိမ့်ကျလာတဲ့အချိန်မှာ ဘယ်သူမှသည်းမခံနိုင်ကြလို့ပါ။"

သျှမ်းပြည်သားတွေကတော့ ပြည်ထောင်စုကို ထူထောင်ခဲ့ပြီးပြီမို့ ပြန်မဖျက်ချင်ကြဘူး။ ဒါပေမဲ့ ပြည်နယ်အခွင့်အရေးအပြည့်အဝရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုစစ်စစ် ထူထောင်လိုကြတယ်လို့ ဆရာစိုင်းက ဆိုပါတယ်။

၁၉၆၂ မှာ စစ်တပ်ကအာဏာသိမ်းတော့လဲ သျှမ်းတွေကခွဲထွက်ဘို့စီစဉ်လို့ နိုင်ငံတော်ချောက်ထဲကျမယ့် ဘေးကကာကွယ်ဘို့ဆိုပြီး အကြောင်းပြခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သျှမ်းလူထုကြီးအကြား

အမျိုးသားရေးစိတ်ဓါတ်တွေတက်ကြွမလာအောင် သျှမ်းအမျိုးသားနေ့ ပြုလုပ်ခွင့်ပိတ်ပင်လာခဲ့တယ်လို့ သျှမ်းသံတော်ဆင့် အယ်ဒီတာက ဆိုပါတယ်။

"မနှစ်တုံးက ဖေဖော်ဝါရီလ ၇ ရက်နေ့ တောင်ကြီးမှာ အခန်းအနားလုပ်ပါတယ်။ သျှမ်းပြည်နယ်နေ့လုပ်ဖို့ကလဲ ပြဿနာရှိတယ်။ သျှမ်းအမျိုးသားလုပ်ဖို့ကလဲ ခွင့်မပြုဘူးဆိုတော့ အမိသျှမ်းပြည်မွေးနေ့ဆိုပြီး ဆွေးနွေးပွဲတွေလုပ်တယ်။ နောက်တရက်ကျတော့ ဖမ်းဆီးမှုတွေဖြစ်လာတယ်။ ဒီနေ့ ရန်ကုန်မှာလဲ သျှမ်းစာပေယဉ်ကျေးမှု အသင်းက သျှမ်းပြည်နယ်နေ့လဲ ခွင့်ပြုချက်လဲမရ၊ သျှမ်းအမျိုးသားနေ့လဲ မခေါ်ရဲလို့ သျှမ်းပြည်နယ်တိုင်းရင်းသားများ ယဉ်ကျေးမှုပဒေသာကပွဲနေ့ဆိုပြီးတော့ လုပ်ခွင့်ရတယ်။"

သျှမ်းတွေကတော့ ဒါဟာမိမိတို့ရဲ့အမျိုးသားရေးလက္ခဏာချိုးဖေါက်ခံရတာလို့ယူဆကြပါတယ်။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အခွင့်ရရှိဖို့ ကြိုးပမ်းချက်တွေကို ဗမာစစ်အစိုးရအဆက်ဆက်က နားမလည်ပဲ ထိပ်တိုက်မှုတွေ ပိုလုပ်လာရင်တော့ အခြေအနေတွေပိုဆိုးလာနိုင်တယ်လို့ ဦးခွန်းဆိုင်က ဆက်ပြောပါတယ်။

"လင်နဲ့မယားလိုပါပဲ။ ဒီမယားကို ကိုယ်ကမတရားချုပ်ခြယ်ထားလို့ သူကကွာရှင်းခွင့်တောင်းရင်တော့ – ဒီမိန်းမကို ငါလက်မလွှတ်နိုင်ဘူး။ သူ့ကိုငါအလိုလိုက်ဖို့လိုတယ်ဆိုတာ သိဘို့လိုပါတယ်။ အလိုလဲမလိုက်ဘဲနဲ့ အရင်တုံးက ချုပ်ခြယ်တာထက်ပိုချုပ်ခြယ်လာမယ်ဆိုရင်တော့အဲဒီအိမ်ထောင်စုဟာ ဘယ်နည်းနဲ့မှ မသာယာနိုင်ပါဘူး။ အဲဒီအိမ်ထောင်စုဟာ အင်မတန်ကံဆိုးမိုးမှောင်ကျပြီးတော့ နောက်ဆုံးပြိုကွဲတဲ့အဆင့်ထိ ဖြစ်သွားနိုင်တယ်လို့ ပြောချင်ပါတယ်။"

သျှမ်းပြည်လူထုကြီးအနေနဲ့တော့ ငြိမ်းချမ်းရေးကို လိုလားတယ်။ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတစ်ခု ပေါ်ပေါက်လာရေးအတွက် မျှော်လင့်ချက်တွေ ရှိနေပါသေးတယ်လို့ ပြောကြတာတွေလဲရှိပါတယ်။

BBC ညပိုင်း (၇၊၂၊၂၀၀၆)

## ရှမ်းပြည်သူများနှင့် အခြားတိုင်းရင်းသားများသိစေရေး ရှမ်းအဖွဲ့ချုပ်ပါတီရဲ့ လှုပ်ရှားမှုစာအုပ်ထုတ်ဝေ

DVB မတ် ၈ ။ ။ နိုင်ငံတော်ပုန်ကန်မှုနဲ့ ထောင်ဒဏ် ၉၃ နှစ် ကျခံနေရသူ ရှမ်းအဖွဲ့ချုပ်ဥက္ကဋ္ဌခွန်ထွန်းဦးနဲ့ သူ့ရဲ့ပါတီလှုပ်ရှားမှုအကြောင်း ရေးသားထားတဲ့စာအုပ်တအုပ်ကို ထိုင်းနိုင်ငံချင်းမိုင်မြို့မှာ မနေ့က ထုတ်ဝေလိုက်ကြောင်း သိရပါတယ်။




စာမျက်နှာ ၂၈၈ မျက်နှာပါတဲ့ အဲဒီစာအုပ်မှာ ရှမ်းအဖွဲ့ချုပ်မှလွှတ်တော်ကိုယ်စားလှယ် ၂၃ ဦးရဲ့ ကိုယ်ရေးအကျဉ်းနဲ့ အတူ ၁၉၉၀ မေလရွေးကောက်ပွဲအတိုင်း လွှတ်တော်ခေါ်ပေးဘို့ တောင်းဆိုချက်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တိုင်းရင်းသားပါတီတွေကြား ဆွေးနွေးမှုမှတ်တမ်းတွေ၊ ၁၉၉၃ နဝတရဲ့ အမျိုးသားညီလာခံမှာ ခွန်ထွန်းဦးတင်သွင်းခဲ့တဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုလေးစားတဲ့ ပြည်ထောင်စုမူတွေအကြောင်းတွေကို အလေးပေးဖော်ပြထားတယ်လို့ စာအုပ်ပြုစုသူသျှမ်းသံတော်ဆင့်သတင်းစဉ်မှ ဦးဆိုင်ကျင့်ကပြောပါ တယ်။

ဒ့ါအပြင် ပြီးခဲ့တဲ့နှစ် ရှမ်းခေါင်းဆောင် ၈ ဦးဖမ်းဆီးမခံရခင် ရှမ်းပြည်တပ်မတော်မြောက်ပိုင်းဌာနချုပ် သီပေါမြို့ စိန်ကျော့စခန်းမှာကျင်းပခဲ့တဲ့ ရှမ်းပြည်အတိုင်ပင်ခံအဖွဲ့ဖွဲ့စည်းခြင်း မှတ်တမ်းဓါတ်ပုံကိုလည်း ဖော်ပြထားပါတယ်။ ဘာကြောင့် အခုလိုအချိန်မှာ ဒီစာအုပ်ထုတ်ဝေရသလဲဆိုတာကိုတော့ ဦးဆိုင်ကျင့်က အခုလိုပြောပြခဲ့ပါတယ်။

"ကျနော်တို့စုဆောင်းထားတာတော့ ကြာပါပြီ၊ ဒါတောင်မပြည့်စုံသေးဘူး၊ ဖြုတ်ပစ်ရတာတွေအများကြီးရှိခဲ့တယ်၊ ထုတ်ရတဲ့ရည်ရွယ်ချက်ကတော့ ၉၀ ခုနှစ်ရွေးကောက်ပွဲမှာအနိုင်ရတဲ့ တတိုင်းပြည်လုံးက နိုင်ငံရေးပါတီတွေထဲမှာ NLD ပြီးရင် SNLD ဒုတိယအကြီးဆုံးပါတီဖြစ်တဲ့၊ နောက်ပြီး ရှမ်းပြည်မှာရှမ်းပြည်ပါလီမန်အမတ်နေရာအများဆုံးရခဲ့တဲ့ နံပါတ် ၁ ပါတီကြီးပေ့ါ၊ သမိုင်းဝင်ပါတီကြီးကထုတ်တဲ့စာရွက်စာတမ်းတွေ၊ ရှမ်းလူထုအပြင် အခြားတိုင်းရင်းသားတွေလည်း သိစေချင်တယ်လေ၊ ပြည်သူတွေလည်းသိရှိစေချင်တယ်လေ၊ နောက်ပြီးမှ SNLD ခေါင်းဆောင်တွေ၊ တိုင်းရင်းသားတွေအနေနဲ့ နအဖစစ်အာဏာရှင်တွေက တဖက်သတ်တံဆိပ်ကပ်စွပ်စွဲထားသလို သူတို့ဟာပြည်ထောင်စုကြီးကို ဖြိုခွဲလိုသူတွေဖြစ်တယ်စသည်ဖြင့် အဲဒါတွေမဟုတ်ဘူးဆိုတဲ့ အကြောင်းကို ပြချင်လို့လေ၊ ပြည်ထောင်စုကြီးအတွက် တရားမျှတမှု၊ တန်းတူညီမျှ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ငြိမ်းချမ်းမှုတွေကိုဖြစ်ပေါ်ဘို့ သူတို့လည်း တဖက်တလမ်းကနေပြီးတော့ အားသွန်ခွန်စိုက်ကြိုးပမ်းခဲ့တဲ့ အထောက်အထားတွေကို ပြချင်လို့ပေ့ါ"

ဖမ်းဆီးခံရှမ်းခေါင်းဆောင်တွေနဲ့ ရှမ်းအဖွဲ့ချုပ်အကြောင်း စာအုပ်ပြုစုသူ ဦးဆိုင်ကျင့်ပြောသွားတာပါ။ ဒီစာအုပ်ကို ထိုင်းဘတ်ငွေ ၁၀၀ နဲ့ ရောင်းချမှာဖြစ်ပြီး ရှမ်းပြည်နယ်နဲ့ မြန်မာနိုင်ငံအတွင်းပိုင်းမှာလည်း နည်းလမ်းပေါင်းစုံနဲ့ ပေးပို့သွားမှာဖြစ်တယ်လို့ ဦးဆိုင်ကျင့်ကပြောပြသွားခဲ့ပါတယ်။



INDP BUR 223.PMD 24 24/3/2549, 16:56

# သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ဒုဥက္ကဋ္ဌသစ်ရွေးချယ်တင်မြှောက်

ဒီဗွီဘီ၊ ၂၈၊ ဇန်နဝါရီ၊ ၂၀၀၆

နအဖနဲ့ပူးပေါင်းခဲ့တဲ့ ဘိန်းဘုရင်ခွန်ဆာအဖွဲ့နဲ့လမ်းခွဲပြီး အမျိုးသားတော်လှန်ရေးလမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းခဲ့တဲ့ (၁၀)နှစ်မြောက်အခမ်းအနားမှာ



RCSS ဥက္ကဋ္ဌ စဝ်ရွက်ဆစ်

"ဒီနေ့ဟာ ဖိနှိပ်သူတွေဆီလက်နက်မချခဲ့တဲ့ ရဲဘော်တွေကို ဂုဏ်ပြုရမယ့်နေ့တနေ့ဖြစ်တယ်"လို့ ရှမ်းပြည်တပ်မတော်တောင်ပိုင်း အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးရွက်ဆစ်က မိန့်ကြားခဲ့ပါတယ်။ တနေ့တည်းမှာပဲ နအဖနဲ့အပစ်ရပ် သဘောတူညီချက်ရယူခဲ့ပြီးမှ ပြန်လည်တောခိုလာခဲ့တဲ့ ဗိုလ်မှူးကြီးစိုင်းရီကို ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီရဲ့ ဒုဥက္ကဋ္ဌအဖြစ်ရွေးချယ်တင်မြှောက်လိုက်ကြောင်း သတင်းထုတ်ပြန်ထားတာတွေ့ရပါတယ်။ ဒီလိုထူးခြားဖြစ်စဉ်အပေါ် သျှမ်းသံတော်ဆင့်ဌာနက ဦးခွန်းဆိုင်ရဲ့အမြင်ကတော့။

"ဒီနှစ်ယောက်ဟာ အရင်ကတည်းက သူတို့ကကျောင်းနေဘက်သူငယ်ချင်းဖြစ်ပါတယ်။ ဒီတော်လှန်ရေးကိုဝင်တုန်းက သူတို့အတူတူဖြစ်ပါတယ်။ နောက်ပိုင်းကြတော့ တယောက်က SSNA ထဲပါဝင်သွားပြီးတော့ နအဖနဲ့အပစ်ရပ်စဲလိုက်တယ်။ နောက်ပြီးတော့ SSA တောင်ပိုင်း ဗိုလ်မှူးကြီးရွက်ဆစ်ကတော့ ဆက်လက်ပြီးတော့နအဖကို တော်လှန်နေတာပါ။ အခုတော့ သူတို့နှစ်ယောက် ပေါင်းစည်းသွားပြီဆိုတဲ့အခါကြတော့ တယောက်က နိုင်ငံရေးဘက်မှာ ပိုပြီးတော့အားသန်တယ်။ နောက်တယောက်က စစ်ရေးဖက်မှာ ပိုအားသန်တယ်။ ဆိုတော့ သူတို့နှစ်ယောက်က တော်တော်လေးတွဲဖက်ညီမယ့်သူ ဖြစ်လိမ့်မယ်လို့ပြောရမှာပါ။"

ဒီလ (၂၁) ရက်ကနေ (၂၅) ရက်အထိ ကျင်းပခဲ့တဲ့ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ နှစ်ပတ်လည်အစည်းအဝေးအတွင်း အခုလိုရွေးချယ်တင်မြှောက်လိုက်တာဖြစ်ပြီး ဗိုလ်မှူးကြီးရွက်ဆစ်ကိုတော့ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်လိုက်ကြကြောင်း သိရပါတယ်။ အခုလို ဗိုလ်မှူးကြီးစိုင်းရီကို နေရာပေးလိုက်တာဟာ ရှမ်းတော်လှန်ရေးအဖွဲ့တွေအတွင်း ပေါင်းစည်းညီညွတ်ရေးကို ကမ်းလှမ်းလိုက်တာဖြစ်နိုင်ပါသလားဆိုတဲ့အမေးကိုတော့ ဦးခွန်းဆိုင်က အခုလို ဖြေကြားခဲ့ပါတယ်။

"ဒီဉစ္စာလဲ ဖြစ်နိုင်တဲ့ အလားအလာရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အများအားဖြင့်တော့ လက်နက်ချသွားတာ သူတို့ကအဓိကကတော့ အတင်းအကြပ်လက်နက်ချခိုင်းတာဖြစ်ပါတယ်။ ဒီလက်နက်ချရလို့ အကျိုးစီးပွားခံစားရတာကတော့ အထက်ပိုင်းလောက်ပဲရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကို စီးပွားရေးဘက်မှာ အခွင့်အရေးပေးတယ်။ အဲဒီအတွက် သူတို့ခံစားရပါတယ်။ အများစုကတော့ တော်တော်ခံစားရတာမဟုတ်ပါဘူး။ သူတို့အနေနဲ့ကတော့ အခုဖြစ်ပေါ်နေတဲ့ အခြေအနေကိုကြည့်ပြီးတော့မှ လာကောင်းလာနိုင်တယ်လို့ ယူဆရပါတယ်။" အခုလို SSA(S) နဲ့ SSA(N)တို့ လက်တွဲမိကြတဲ့ဖြစ်စဉ်ကြောင့် ဆက်ဖြစ်လာနိုင်မယ့် အကျိုးဆက်ကိုလဲ ဦးခွန်းဆိုင်က အခုလိုသုံးသပ်ပါတယ်။



RCSS ဒုဥက္ကဋ္ဌ စဝ်စိုင်းရီ

"အခုလောလောဆယ် ရှေ့လျှောက်ဘယ်လိုဖြစ်မယ်ဆိုတာကိုတော့ အဓိကဆန်းစစ်ရမှာက အခုပြန်လည်ဖွဲ့စည်းမှုပေါ်မှာ မူမတည်ပါဘူး။ အခု RCSS ဟာဆိုရင် ဒီပြင်သျှမ်းအဖွဲ့တွေနဲ့ ပေါင်းပြီးတော့မှ သျှမ်းကိုယ်စားပြုကော်မတီကနေပြီးတော့မှ ဒီပြင့်သျှမ်းပြည်မှာ ရှိနေတဲ့ တိုင်းရင်းသားလူမျိုးစု ကိုယ်စားပြုကော်မတီတွေနဲ့ပေါင်းပြီးတော့ သျှမ်းပြည်ကိုယ်စားပြုကော်မတီဆိုတာဖွဲ့ဖို့ ကြိုးစားနေတယ်လို့ပြောပါတယ်။ အဲဒီတော့ အခု RCSS က ပြန်လည်ဖွဲ့စည်းမှုဟာ သျှမ်းပြည်ကိုယ်စားပြုကော်မတီဖွဲ့စည်းနိုင်ရေးအတွက် သူကအထောက်အကူပေးနိုင်တယ်လို့ ယူဆရပါတယ်။

အခုလို သျှမ်းအမျိုးသားလက်နက်ကိုင်အဖွဲ့တွေ အချင်းချင်းနားလည်မှု၊ ပေါင်းစည်းမှုတွေရရှိအောင်ကြိုးစားနေချိန်မှာ နအဖကတော့နည်းမျိုးစုံနဲ့ သွေးခွဲစည်းရုံးမှုတွေရှိနေတယ်လို့ သိရပါတယ်။ အမျိုးသားညီလာခံတက်ပြီး အခွင့်ထူးတချို့ခံစားနေရတဲ့ SSNA ခေါင်းဆောင်တချို့နဲ့ PSLA ခေါင်းဆောင်တချို့ကို နမူနာပြပြီး သူတို့လို အခွင့်အရေးယူကြဖို့ သွေးဆောင်စည်းရုံးနေတယ်လို့ ဆိုပါတယ်။ အခုလို ဗိုလ်မှူးကြီးစိုင်းရီနဲ့ ဗိုလ်မှူးကြီးရွက်ဆစ်တို့ပေါင်းစည်းမိကြတဲ့အပေါ် နအဖဘက်ကဘာမှထူးထူးခြားခြားမတုန့်ပြန်သေးဘဲ အခြေအနေကို စောင့်ကြည့်နေပုံရကြောင်း ဦးခွန်းဆိုင်က ပြောပြသွားပါတယ်။

# နအဖရဲ့ အပစ်အခတ်ရပ်စဲရေးဆိုတာ ဘာလဲ

ဒီဗွီဘီ ၊ ၇ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၆

ဂျာမန်စစ်ရေးပါရဂူကြီး**ကလော့စ်ဝစ်**က စစ်ရေးဆိုတာနိုင်ငံရေးရဲ့ နောက်ဆုံးအဆင့်လို့ပြောကြားခဲ့ဖူးပါတယ်။ တဖက်နဲ့တဖက်စားပွဲဝိုင်းမှာ နိုင်ငံရေးနည်းနဲ့ဖြေရှင်းလို့မရတဲ့အခါ ပါးစပ်တွေအစားလက်နက်တွေကို အသုံးပြုပြီး စစ်မြေပြင်မှာ သူနိုင်ကိုယ်နိုင် ထချကြတာဖြစ်ပါတယ်။ ဒါ့ကြောင့်လဲ စစ်ပွဲနဲ့နိုင်ငံရေးဆိုတာ ခေါင်းနဲ့ပန်းလို ခွဲခြားလို့မရခဲ့ပါဘူး။ ဒါပေမယ့် နိုင်ငံရေးဆိုတာက သွေးမထွက်တဲ့ စစ်ပွဲဖြစ်တာကြောင့် လူတွေကို အန္တရာယ်မပေးနိုင်ပါဘူး။

စစ်ပွဲဆိုတာကတော့ သွေးအလိမ်းလိမ်း ပေကျံနေခဲ့တဲ့ ခြေပြတ် လက်ပြတ်ဒုက္ခိတဘဝရောက်ရသူတွေ မွေးထုတ်ပေးရာနေရာဖြစ်ပါတယ်။ ဒါ့ကြောင့် ယဉ်ကျေးသိမ်မွေ့လှတဲ့ ကမ္ဘာကြီးတခုလုံးက စစ်ပွဲတွေကို မလိုချင်ကြပါဘူး။ လူတိုင်းလူတိုင်း ငြိမ်းချမ်းရေးကို တပ်မက်မောကြတာဟာ အဲဒီလို အန္တရာယ်တွေကို မလိုချင်ကြတော့လို့ဖြစ်ပါတယ်။ ဒါပေမယ့် ငြိမ်းချမ်းရေးကို ခုတုံးလုပ်ပြီး တိုင်းပြည်ကို သစ္စာဖောက်တာ၊ လူမျိုးကို သစ္စာဖောက်တာကိုတော့ ဘယ်လိုလူမျိုးကမှ လက်သင့်ခံခြင်းမရှိ ခဲ့ကြပါဘူး။


KIO အဖွဲ့ခေါင်းဆောင်များ

မြန်မာနိုင်ငံမှာအုပ်စိုးခဲ့တဲ့ ခေတ်အဆက်ဆက်က အုပ်ချုပ်သူတွေဟာ ဖဆပလကစလို့ စစ်အုပ်စုအဆက်ဆက်ထိ အားလုံးလိုလိုဟာ အပြုတ်တိုက်ရေးလမ်းစဉ်ကိုကိုင်ဆွဲခဲ့ကြတဲ့ စစ်ဝါဒီတွေပဲဖြစ်ခဲ့ကြပါတယ်။ သူတို့ကျင့်သုံးခဲ့တဲ့ လမ်းစဉ်ကိုက မြေပေါ်မှာ နိုင်ငံရေးလှုပ်ရှားမှုတခုဖြစ်ရင် သူပုန်ထအောင် တောထဲကို မောင်းပို့ပြီး တောထဲရောက်မှ နောက်ကနေလိုက်သတ်တဲ့ စစ်ရေးနည်းကို ကျင့်သုံးခဲ့ကြတာပါ။

ပိုပြီးဆိုးတာကတော့ ဒီနေ့တိုင်းပြည်ကို ဓါးမိုးအုပ်ချုပ်နေတဲ့ နအဖစစ်အာဏာရှင်တွေဟာ အကြမ်းဖက်လက်နက်ကိုင်တဲ့နည်းကို အသွေးအသားထဲက ယုံကြည်နေကြသူတွေ ဖြစ်နေလို့ပါပဲ။ ဒါ့ကြောင့် သူတို့နဲ့အပစ်အခတ်ရပ်စဲရေးလုပ်ထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို တန်းတူလူရာသွင်းပြီး မဆက်ဆံချင်ကြတာပါ။ တနည်းအားဖြင့်တော့ နိုင်ငံရေးအရ လုံးဝစကားပြောချင်စိတ်မရှိပါဘူး။

ပြည်တွင်းစစ်ဖြစ်ပွားတယ်ဆိုတာက နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းလို့မရတာကြောင့် အဆင့်တဆင့်ကို ခုန်ကူးပြီး လက်နက်နည်းနဲ့ ဖြေရှင်းကြတာဖြစ်ပါတယ်။ နအဖက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို နိုင်ငံရေးမဆွေးနွေးနိုင်ဘူးလို့ အခုချိန်အထိ ငြင်းဆန်နေဆဲဖြစ်တာဟာ မင်းတို့နဲ့ငါတို့ တန်းမတူဘူးလို့ ရှင်းရှင်းကြီး ပြောလိုက်တာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးစုတွေရဲ့ အခြေခံနိုင်ငံရေးနဲ့ အမျိုးသားအကျိုးစီးပွားကင်းကွာတဲ့ အပစ်အခတ်ရပ်စဲရေးဆိုတာ ဘယ်လိုမှ ပြည်တွင်းငြိမ်းချမ်းရေးလို့ အဓိပ္ပါယ်မသတ်မှတ်နိုင်ပါဘူး။

နအဖရဲ့တကယ့်ရည်ရွယ်ချက်က အချိန်ကြာလာရင် အပစ်အခတ်ရပ်စဲရေးလုပ်ထားတဲ့အဖွဲ့တွေ လုံးပါးပါးသွားပြီး အားလုံးကို နင်းချေဖျက်ဆီးပစ်ဖို့ပဲ ဖြစ်ပါတယ်။ အခုဆိုရင် နအဖက အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေကို သူတို့လက်အောက်ခံကာကွယ်ရေးတပ်တွေအဖြစ် တဆင့်ပြီးတဆင့်ပြောင်းလဲပေးဖို့ ပြင်ဆင်နေပါပြီ။ ဒီစီမံကိန်းအရ ပြီးခဲ့တဲ့ နှစ် ဖေဖြီလနဲ့ မတ်လတွေအတွင်းမှာ ပလောင်တပ်တွေနဲ့ ရှမ်းတပ်တချို့ကို လက်နက်ချခိုင်းပြီး ကာကွယ်ရေးအဖွဲ့အဖြစ် အသွင်ကူးပြောင်းပေးခဲ့ပါတယ်။ နောက်ပြီး အခုနှစ် ဇန်နဝါရီလပိုင်းကလဲ KIO အဖွဲ့ဝင်ခြောက်ဦးကို လူမှားလို့ပါလို့ အကြောင်းပြပြီး နအဖတပ်က ပစ်သတ်ခဲ့ပါတယ်။ ဒါဟာ နအဖက သူ့မှာရှိတဲ့အစွယ်ကို တဖြည်းဖြည်းထုတ်ပြလာတာပါ။

ဒီနေရာမှာ အံ့ဩဖို့ကောင်းတာက အသတ်ခံရတဲ့အဖွဲ့က ခေါင်းဆောင်ကြီးတွေရဲ့ တုံ့ပြန်မှုဖြစ်ပါတယ်။ သူတို့တွေက ကိုယ့်ကိုအားကိုးတဲ့ လက်အောက်ငယ်သားတွေရဲ့ အသတ်ခံရမှုကို အရေးယူဖော်ထုတ်ပေးဖို့ တောင်းဆိုရမယ့်အစား နအဖရဲ့အမျိုးသားညီလာခံကို ချီးမွမ်းခန်းတွေဖွင့်ပြီး နအဖကို သိမ်ထပ်ပေးဖို့ကြိုးစားနေတာ တွေ့ရပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် အဲဒီလူတွေလောက် အမှန်တရားကိုသွေဖီပြီး နအဖဘုန်းတော်ဘွဲ့ရွတ်တဲ့လူတွေ တယောက်မှရှိမယ်မထင်ပါဘူး။

နိုင်ငံရေးအဖွဲ့ဖွဲ့ပြီး တော်လှန်ရေးလုပ်တယ်ဆိုတာ ကိုယ့်လူမျိုးအကျိုးစီးပွားနဲ့ ကိုယ့်လူမျိုးကိုကာကွယ်ပေးဖို့ဖြစ်ပါတယ်။ အခုဖြစ်နေတာက ကိုယ့်လူမျိုးတွေကိုကာကွယ်ပေးနိုင်ဖို့နေနေသာသာ ကိုယ့်အဖွဲ့စည်းအတွင်းက လက်အောက်ခံငယ်သားတွေရဲ့အသက်တွေကိုတောင်

**တကယ်တော့ နအဖရဲ့ အပစ်အခတ်ရပ်စဲရေးဆိုတာ ကိုယ့်လူမျိုးအပေါ် သစ္စာမစောင့်သူတွေကို သစ္စာဖောက်လိုင်စင် ထုတ်ပေးနေတာပဲ ဖြစ်ပါတယ်။**



INDP BUR 223.PMD 26 24/3/2549, 16:56

အကာအကွယ်မပေးနိုင်ခဲ့ပါဘူး။ ဒါကိုကြည့်မယ်ဆိုရင် သူတို့တတွေမှာ နိုင်ငံရေးဘယ်လောက် ချွတ်ခြုံကျနေတယ်ဆိုတာ သိသိသာသာထင်ရှား နေပါတယ်။

ဒေသဆိုင်ရာအပစ်အခတ်ရပ်စဲရေးဆိုတာဟာ တပြည်လုံး အတိုင်းအတာဆောင်တဲ့ အရင်းခံနိုင်ငံရေးပြဿနာတွေကို ဖြေရှင်း နိုင်ခြင်းမရှိဘူးဆိုတာတွေကိုတော့ အထူးပြောစရာလိုမယ်မထင်ပါဘူး။ အချိန်မရွေးထချနိုင်တဲ့အနေအထားအောက်မှာ တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းတွေအနေနဲ့ နအဖရဲ့သတ်ကွင်းကိုမြင်အောင်ကြည့်တတ် ကြဖို့ အထူးလိုအပ်နေပါပြီ။

နအဖက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ တွေ့ဆုံဆွေးနွေး ခဲ့တုံးက တိုင်းရင်းသားတွေရဲ့ အမျိုးသားအခွင့်ရေးတွေကို လုံးဝ အသိ အမှတ်မပြုခဲ့ပါဘူး။ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စတွေမှာနဲ့ လုပ်ပိုင်ခွင့်ဆိုင်ရာ အာဏာခွဲဝေပေးရာမှာလဲ မူမဲ့တဲ့ဆုံးဖြတ်ချက်တွေနဲ့ ခွဲဝေပေးခဲ့ပါတယ်။ အင်အားအကြီးအသေး၊ ခေါင်းပျော့ခေါင်းမာခွဲခြားပြီး စျေးကစားခဲ့ကြ တာပါ။

အခုအခါမှာတော့ တော်လှန်ရေးအဖွဲ့တွေကို စစ်အကျဉ်းသားတွေလို အထိသဘောထားပြီး မိုက်ရိုင်းလာနေပါပြီ။ သတ္တိမရှိတဲ့သူတွေဟာ စကားများများပြောပြီး ခြေထောက်များများပါဖို့လိုအပ်ပါတယ်။ ဒါ့ကြောင့် တချို့အနေနဲ့ ငါ့မှာခြေထောက်ဘယ်နှစ်ချောင်းပါသလဲဆိုတာ ပြန်စမ်း ကြည့်ကြဖို့ သတိပေးလိုက်ချင်ပါတယ်။

နအဖဘုန်းကြီးပြီး သက်ဆိုးရှည်စေဖို့ သိမ်ဝင်ကမ္ဘဝါပဲ ဆက်ဖတ် ပေးမယ်ဆိုရင်တော့ ကိုယ့်အဖွဲ့အစည်းနာမည်နဲ့အလံကို အခုကတည်း က ပြတိုက်ထဲ လုံခြုံအောင်သိမ်းထားဖို့ လိုအပ်နေပါပြီ။

စေ့စပ်ဆွေးနွေးရေးလုပ်တယ်ဆိုတာဟာ အနာဂတ်ကောင်းဖို့အတွက် တဦးနဲ့တဦး၊ တဖွဲ့နဲ့တဖွဲ့ တန်းတူရည်တူသဘောထားကြီးကြီးနဲ့ ညှိနိုင်း ကြရတာဖြစ်ပါတယ်။ နအဖကတော့စျေးသည်လို အရှုံးအမြတ်တွက်ပြီး ငါ့ဘက်ကအသာမရရင် ဘာမှမလုပ်ဘူးဆိုတဲ့မူကို အသေကိုင်စွဲထား တာ တွေ့ကြရပါတယ်။

**ငါထားရာမှာနေ၊ ငါစေရာမှာသွားဆိုတဲ့**
**သဘောထားနဲ့ လုပ်နေတဲ့စေ့စပ်ဆွေးနွေးရေးဆိုတာ**
**တဖက်သတ်အနိုင်ကျင့်တဲ့လုပ်ရပ်သာဖြစ်ပါတယ်။**

ဒါ့ကြောင့် အချိန်မနှောင်းခင် အသိတရားမရကြဘူးဆိုရင်တော့ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေဆိုတာ ချိုနဲ့သားရေတောင် ကျန်မှာ မဟုတ်တော့တဲ့အကြောင်း သတိပေးလိုက်ချင်ပါတယ်ခင်ဗျာ။

**စိုးဝင်းညို**
DVB ၇၊၂၀၀၆

# ညောင်နှစ်ပင်ညီလာခံကို တန်ပြန်ကြ

နအဖညောင်နှစ်ပင်ညီလာခံဟာ ရိုးရိုးမဟုတ်တော့ဘဲ အကြိတ် အနယ်စွန့်စားနေရတဲ့သဘောရှိတယ်။ ဒီ ၂၀၀၆ ခုနှစ်မှာ အပြီးမျှော်မှန်း ထားပုံရတယ်။ အရင်ကတော့အချိန်ဆွဲနည်းဗျူဟာကျင့်သုံးတာဖြစ်တယ်။ ASEAN နဲ့ကမ္ဘာကိုလိမ်ပြီး တရုတ်–ရုရှား အားကိုးတယ်။ ကုလားလဲ ပါသေးတယ်။ ကုလားနဲ့တရုတ် ရေနံ၊ ဂတ်စ်လောင်စာလုကြတာ တရုတ် ရသွားတယ်။ နအဖအတွက် ကုလားဟာ မယုံကြည်စာရင်းမှာရှိတယ်။ ဒီနေ့မှာ UN-ASEAN တို့လဲ ပြတ်လာပြီ၊ တရုတ်–ရုရှားလည်း နအဖကို သိပ်ပြီး ၁၀၀ ရာခိုင်နှုန်းမထောက်ခံနိုင်တော့ဘူး။ အခြေအနေအရ UN မှာကြားနေရတော့မယ်။ ဒါကြောင့်အချိန်ကြာကြာဆွဲပြီး အခြေခံဥပဒေ ရေးတဲ့နည်းနာဟာ နအဖအတွက်အကျိုးမရှိတော့ဘူး။ နိုင်ငံတကာက လည်း မလိုက်လျောနိုင်တော့ဘူး။

၁၉၇၄ မှာ ဗိုလ်နေဝင်းလုပ်သလို အတင်းအဓမ္မအခြေခံဥပဒေအပြီး ဆွဲ၊ အဓမ္မဆန္ဒခံယူပွဲလုပ်၊ အဓမ္မမဲခိုး၊ ရာနှုန်းပြည့်ထောက်ခံမှုရတယ် ပြောပြီး ၁၀၀ ရာခိုင်နှုန်း လွှတ်တော်ကိုယ်စားလှယ်ထောက်ခံမှုရတဲ့ စစ်တပ်တဖြစ်လဲ အရပ်သားအစိုးရကို တည်ဆောက်ခဲ့ရတယ်။ ကမ္ဘာက ဘာဘဲပြောပြောမျက်ကန်းတစ္ဆေမကြောက်၊ ဝက်ဖြစ်မှတော့ချီးမကြောက် နိုင်တော့ပါဘူး။

ဒီနေ့နအဖလဲ အဲဒီနည်းအတိုင်း အပြတ်မလုပ်ရင် ရပ်တည်လို့ မရဘူး။ အတွင်းပဋိပက္ခအများကြီးကြီးထွားနေတယ်။ ခြစားမှု Corrup -tion လဲ ကျေးရွာကနေဗဟိုအထိတပြည်လုံးအနှံ့ဖြစ်နေတယ်။ ရန်ကုန်၊ မန္တလေးလိုမြို့ကြီးတွေမှာ ရာဇဝတ်မှုအများကြီး ထူပြောနေတယ်။ ကုန်စျေးနှုန်းကြီးမြင့်လွန်းလို့ ပြည်သူတွေငတ်ကုန်ပြီ။ ငတ်လို့၊ ခက်ခဲ ကြပ်တည်းလို့ လုယက်ကြတာဘဲ။

အိမ်ထောင်စုတခုမှာ စီးပွားရေးပြိုလဲတော့ လင်မယားရန်ဖြစ် ရတယ်။ ပြီးရင်သားသမီးကိုပါအပြစ်ရှာ၊ သူ့အပြစ်ငါ့အပြစ်ပြောပြီး အိမ်ထောင်စုကွဲတော့တာဘဲ။ တိုင်းပြည်အတိုင်းအတာမှာလည်း ဒီလိုဘဲ ထိန်းမရတော့တဲ့အခါ မလိုလားအပ်တဲ့ ဖြုတ်–ထုတ်–သတ်တွေ ဖြစ်လာတတ်တယ်။ ဖြစ်လည်းဖြစ်နေပါပြီ။



အမျိုးသားညီလာခံခန်းမ



INDP BUR 223.PMD 27 24/3/2549, 16:56

> အခြေခံဥပဒေရေးဆွဲရေးဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ဥပဒေပညာရှင်အရပ်သားများရဲ့တာဝန်ပါ။ လူမိုက်နောက်ဆွဲ သေနတ်ကိုင်စစ်သားများနဲ့ဘာမှမဆိုင်တဲ့ တာဝန်မဟုတ်ပါဘူး

ကနေ့နအဖဟာ မိမိစစ်တပ်အင်အားကိုထိန်းထားဘို့ ရာထူး– အဆင့်ဆင့်မှာ ဝေစား–ဝါးစေ လွှတ်ပေးထားတာဟာ လက်ရှိအခြေအနေပါ။

အခြေခံဥပဒေရေးဆွဲရေးဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ဥပဒေပညာရှင်အရပ်သားများရဲ့တာဝန်ပါ။ လူမိုက်နောက်ဆွဲ သေနတ်ကိုင်စစ်သားများနဲ့ဘာမှမဆိုင်တဲ့ (နအဖနဲ့အပစ်ရပ်အဖွဲ့တို့ရဲ့) တာဝန်မဟုတ်ပါဘူး။ ပြည်ထောင်စုဆိုတဲ့စကားကို ခုတုံးလုပ်နိုင်ဖို့ အပစ်ရပ်အဖွဲ့တွေကို အသုံးချထားတာဘဲဖြစ်တယ်။ အပစ်ရပ်အဖွဲ့ရဲ့ တင်ပြချက်ကို ချောင်ထိုးထားကတည်းက နအဖညောင်နှစ်ပင်ညီလာခံဟာ ပြည်ထောင်စုအစစ်အမှန်တည်ထောင်ဖို့မဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။

ဗိုလ်နေဝင်းက မြန်မာ့နည်းမြန်မာ့ဟန်ဆိုရှယ်လစ်လုပ်သလို ဗိုလ်သန်းရွှေကလဲ မြန်မာ့နည်းမြန်မာ့ဟန်ဒီမိုကရေစီလုပ်တာဟာ ဒီမိုကရေစီကို သက်သက်ခုတုံးလုပ်တာဖြစ်တယ်။ စည်းကမ်းရှိတဲ့ ဒီမိုကရေစီဆိုပြီး တံဆိပ်ကပ်ပြန်တယ်။ စစ်တပ် ၂၅ ရာနှုန်းအမြဲအာဏာယူချုပ်ကိုင်ထားတာကိုက စည်းကမ်းရှိတယ်လို့ပြောနိုင်သလား?။

ဒီတော့နအဖဟာ သေမြေကြီး/ရှင်ရွှေထီး ပြတ်ပြတ်လုပ်လာလိမ့်မယ်။ ယာယီအားဖြင့်တော့ တရုပ်နဲ့ထိုင်းတတ်စင်တို့ရဲ့ဟန်ပြထောက်ခံမှုရနေပေမဲ့ ရေရှည်အတွက်တော့ မသေချာဘူး။



> ပြည်ထောင်စုမလိုချင်တဲ့ လူကိုပြည်ထောင်စုသွားတောင်းတယ်။ ဥပဒေမလိုချင်/မရှိချင်တဲ့ လူကိုဥပဒေစကားသွားပြောပြီး မျက်နှာချိုသွေး အညှံ့ခံတောင်းနေတယ်။ ဒါကြောင့် တောင်ပေါ်သားလူအလူမိုက်လူ့အန္တဖြစ်နေရတာ

ဦးလွင်ကလဲ သုံးပွင့်ဆိုင်မကြားဖူးဘူးတဲ့လေ။ UN ကိုယ်စားလှယ်တွေ US-EU တွေအကြံပြုတဲ့အထဲမှာ ထိပ်ဆုံးကအချက်တောင် သတိမထားမိတဲ့သဘောဟာ မဟာဗမာဉာဉ်ရှိနေသလိုဖြစ်တယ်။ NLD လည်း ပြည်ထောင်စုတည်ဆောက်ရာမှာ ၁၉၇၄ မဆလ အခြေခံဥပဒေအတိုင်း ၇ ပြည်နယ်နဲ့ ၇ တိုင်းကိုလက်ကိုင်ထားတုံးပဲလားမသိဘူး။ အုပ်ချုပ်သူမဟာဗမာအစိုးရ အဆက်ဆက်က နှစ်ပေါင်း ၅၀ ကျော် တောင်တန်းသားခေါင်းဆောင်တွေကို ဖင်လှဲ့ခေါင်းလှဲ့ခွဲတိုက်၊ တိုင်းရင်းသားတွေရဲ့စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုကိုတလျှောက်လုံး ခြယ်လှယ်ဖျက်ဆီးဝါးမြိုလာခဲ့လို့ ဒီနေ့လက်တွေ့ဘဝမှာ ဘယ်တောင်တန်းဒေသမှ ခေါင်းမထောင်နိုင်ဘူး။ နအဖလက်ခုပ်ထဲကရေဖြစ်မှန်းမသိဖြစ်သွားတဲ့ အပစ်ရပ်အဖွဲ့ခေါင်းဆောင်တွေကလည်း ပြည်ထောင်စုမလိုချင်တဲ့ လူကိုပြည်ထောင်စုသွားတောင်းတယ်။ ဥပဒေမလိုချင်/မရှိချင်တဲ့ လူကိုဥပဒေစကားသွားပြောပြီး မျက်နှာချိုသွေးအညှံ့ခံတောင်းနေတယ်။ ဒါကြောင့် တောင်ပေါ်သားလူအ လူမိုက် လူ့အန္တဖြစ်နေရတာလား မသိဘူး။

အရင်ပင်လုံစာချုပ်ခေတ်ကခေါင်းဆောင်တွေလောက် အရည်အချင်းမရှိဘဲနဲ့ နအဖထိပ်သီးတွေ နားလည့်ပါးရိုက်ကြောသိပ်တိုင်း ခေါင်းမော့ဂုဏ်ယူနေတာဟာ တိုင်းပြည်ကိုကျွန်ဖြစ်အောင် ဖန်တီးတွန်းပို့နေတာဘဲဖြစ်တယ်။ ကိုယ်တိုင်သမိုင်းတရားခံဖြစ်နေတာကိုတောင် မသိသလိုဖြစ်နေတယ်။

ဒီ ၂၀၀၆ မှာ နအဖဟာ အပစ်ရပ်အဖွဲ့တွေကို ခုတုံးလုပ်၊ တောင်တန်းသားအခွင့်အရေးသမားတွေကို မက်လုံးပေး နဖါးကြိုးတပ်ပြီး ညောင်နှစ်ပင်ညီလာခံမှာ အသုံးချအုံးမှာဖြစ်တယ်။ ဒါကြောင့် တောင်တန်းသားမျိုးချစ်လူငယ်တွေ ကြိုးစားရမယ်။ မျိုးဆက်သစ်တွေ ကိုယ့်အကြောင်းကိုယ်သိထားရမယ်။ ကျွန်ဘဝရောက်နေတာကို ဂုဏ်ယူနေဘို့ မဟုတ်ဘူး။ ကိုယ့်တိုင်းပြည် သမိုင်းကြောင်းကို သိထားရမယ်။ နောင်တော့်နောင်တော်တွေရဲ့အမှားကို သင်္ခန်းစာယူတတ်ရမယ်။

> နအဖညောင်နှစ်ပင်ညီလာခံဟာ ဘယ်သူ့အကျိုးစီးပွားအတွက်လဲ ဘာအတွက်လဲဆိုတာ လယ်ပြင်မှာဆင်သွားသလို မြင်နေရတယ်။

ကျုပ်တို့အိမ်က ထွက်လာတာ လူတယောက်တစုအတွက် မိသားတစုအတွက် လာလုပ်နေတာမဟုတ်ဘူး။ အားနာစရာလည်းမလိုဘူး။ အားနာလို့ ပင်လုံကစပြီး ဒီနေ့ထိ ကျွန်ဖြစ်နေတာကို နှလုံးသွင်းပါ။

အခြေအနေပေးတိုင်း၊ အခွင့်အရေးရတိုင်း၊ အခွင့်အလမ်းကြုံကြိုက်တိုင်း ကျူးကျော်သူမဟာဗမာစစ်ဝါဒီဖက်ဆစ်နယ်ချဲ့တွေကို ဆန့်ကျင်တော်လှန်ရဲတဲ့သတ္တိရှိဖို့ မျိုးဆက်သစ်တွေကို ပျိုးထောင်ရမယ်။ အခွင့်အလမ်းရှိသလောက် တင်ပြပညာပေးရမယ်။ ဒီစာတမ်းဆောင်းပါးတွေဟာ မျိုးဆက်သစ်တွေကို အကျိုးပြုဘို့ဖြစ်တယ်။ ခုခံတော်လှန်စစ်ကို တွန်းအားပေးဖို့ဖြစ်တယ်။

နအဖညောင်နှစ်ပင်ညီလာခံဟာ ဘယ်သူ့အကျိုးစီးပွားအတွက်လဲ ဘာအတွက်လဲဆိုတာ လယ်ပြင်မှာဆင်သွားသလို မြင်နေရတယ်။ အပစ်ရပ်အဖွဲ့ထဲက သွေးသစ်မျိုးဆက်သစ်လူငယ်တွေ နအဖအတုအယောင် ညောင်နှစ်ပင်ညီလာခံကို ကျောခိုင်းဆန့်ကျင်တိုက်ဖျက်ကြပါလို့ တိုက်တွန်းလိုပါတယ်။

**ကျားချာတိတ် (ခေတ္တ ဘန်ကောက်)**
**၁၆၊၁၊၀၆**

# လာဘ်လာဘရှင် သျှမ်းပြည်တခွင်

**"ငွေလောက်ဘယ်အရာမှသစ္စာမရှိ"** ဟူသောဆောင်ပုဒ်မှာ လက်ရှိ မြန်မာပြည်နှင့် အပ်စပ်လွန်းလှသည်ဟု တွေးမိ၏။ အထူးသဖြင့် ကမ္ဘာ့အများဆုံးကုန်ထုတ်နိုင်ငံထဲပါဝင်သော တရုတ်၊ ဖွံ့ဖြိုးတိုးတက်နေသော ထိုင်းတို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိသည့် သျှမ်းပြည်တွင် ပို၍မှန်ကန်ကြောင်း မျက်မြင်ကိုယ်တွေ့ပြောပြလိုပါသည်။



**သျှမ်းပြည်သို့ရွှေ့ပြောင်းရသောဝန်ထမ်းတိုင်း**
**မည်သို့ပရိုမိုးရှင်းပေးပေး**
**အခြားအရပ်သို့မပြောင်းချင်ကြ**



စစ်အစိုးရဌာနပေါင်းစုံတွင် ငွေပေးလာဒ်မထိုးရသည့် ရုံးဌာနဟူ၍ မရှိသလောက်ဖြစ်နေသည်။ အခြားဒေသမှ သျှမ်းပြည်သို့ ရွှေ့ပြောင်းရသော ဝန်ထမ်းတိုင်း မည်သို့ပရိုမိုးရှင်းပေးပေး အခြားအရပ်သို့ ပြောင်းချင်ကြောင်း ဘယ်တော့မှပြောဆိုလိမ့်မည်မဟုတ်။ သျှမ်းပြည်သို့ ပြောင်းလိုသဖြင့် ရှိသမျှပစ္စည်းဥစ္စာပုံအောကာ အထက်ကို လာဘ်ထိုးကြရသည့်အဖြစ်မျိုးရှိသကဲ့သို့ သျှမ်းပြည်မှစွန့်ခွာရွှေ့ပြောင်းရမည်ကို စိုးရိမ်လွန်းသဖြင့် အထက်လူကြီးထံ ငွေထုတ်ပိုက်ကာပူဇော်ရသူများလည်း ဒုနှင့်ဒေးပင်။

မြို့နယ်အဆင့်ဌာနပေါင်းစုံ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်မအဖ၊ ရအကတဲ့ဖက် အာဏာပိုင်အဖွဲ့များကား ကျေးရွာ၊ ရပ်ကွက်နှင့်မြို့နယ်တိုင်း ဖိမ့်ဖိမ့်တုန်အောင် ကြောက်နေရသည့်အဖွဲ့ကြီးဖြစ်သည်။ ၎င်းတို့သည် မြို့မျက်နှာဖုံးကုန်သည်ကြီးများထံမှ လိုသလောက် အခွန်တော်ငွေ ကောက်ခံနိုင်ကြ၏၊ ဥာဏ်ရှိလျှင်ရှိသလို အကြံအဖန်လုပ်နိုင်ပြီး မှောင်ခိုကုန်သည်များ၏ ပစ္စည်းများကိုအခမ့်သိမ်းယူခြင်း၊ အနီးပစ္စည်းများကို မိသားစုအတွက် အသုံးပြုကြခြင်းများပြုလုပ်လေ့ရှိသည်။ ၎င်းပစ္စည်းများကို ပြောင်ပြောင်တင်းတင်း ပြန်လည်သယ်ဆောင်ရောင်းချကြပြန်သည်။ ချောတကာ့ချောကိုလည်း ၎င်းဌာနက ပိုင်ပါသည်။ လူချော၊ ကားချော၊ ဆိုင်ကယ်ချောအစ၊ စားပွဲကုလားထိုင်ပရိဘောဂအလှပန်းအိုး ဂမုန်းအိုးချောအဆုံး တစ်လတစ်ကြိမ်နှစ်ကြိမ် မကြာခဏရောက်လာတတ်သည့် လူကြီးခရီးစဉ်ဧည့်ခံကြိုဆိုရေးအတွက် ဆင့်ဆိုလေ့ရှိ၏။

မြို့တွင်းရှိအိမ်ထောင်စုတိုင်း၏ နောက်ခံသမိုင်းကြောင်းနှင့်လှုပ်ရှားမှုများကိုအစဉ်တစိုက်ထောက်လှမ်းပြီး မည်သူက ဘယ်လိုနိုင်ငံရေးအဖွဲ့အစည်းနှင့်ပတ်သက်ဖူးသည်။ ၎င်းတို့၏စီးပွားရေးလုပ်ငန်းကို ဘယ်နည်းဘယ်ဖုံပိတ်ပင်အကြပ်ကိုင်မည်စသဖြင့် အချက်အလက်များ ရှာဖွေစုဆောင်းလေ့ရှိ၏။ ပြီးလျှင် မိခင်နိုင်ငံရေးအဖွဲ့အစည်းမှနုတ်ထွက်သည်

**ဆရာဝန်နှင့် သူနာပြုဆရာမများကိုယ်တိုင်**
**ပြည်သူ့ဆေးရုံများ၌ ဆေးကောင်းစွာမကုတော့ပဲ**
**ငွေများများရသည့် ကိုယ်ပိုင် ဆေးခန်းတွင်ပင် အချိန်ကုန်ကြလေသည်**

အထိ ခြိမ်းခြောက်ခြင်း၊ မက်လုံးပေးခြင်းနှင့် နိုင်ငံရေးအမြတ်ထုတ်မှုများ လုပ်ဆောင်တတ်ကြသည်။

မည်သူကတော့ဖြင့် မိမိတို့ကိုကူညီသော မိမိဘက်တော်သားမီးသတ်၊ ကြံ့ဖွံ့တ်၊ မိခင်ကလေး၊ အမျိုးသမီးရေးရာ၊ ပြည်သူ့စစ်၊ မအဖ/ရအဖ အဖွဲ့ဝင်ဖြစ်သနည်း။ ၎င်းတို့အား မည်သည့်အခွင့်အရေးနှင့်လာဒ်လာဘများချီးမြှင့်မည်။ တယ်လီဖုန်းချပေးရမည်။ ဂိုလ်တုဖုံးတပ်ပေးရမည်စသည်ဖြင့် "ငါးကြင်းဆီဖြင့် ငါးကြင်းပြန်ကြော်" မက်လုံးပေးနည်းဖြင့် ၎င်းတို့၏ ဘုရင်ခံတိုင်းမှူးများနည်းနာအတိုင်း နှလုံးမူ၍ကျင့်ကြံကြလေသည်။

ဌာနဆိုင်ရာတစ်ခုကို ဥပမာပေးရမည်ဆိုလျှင် ကျန်းမာရေးဦးစီးဌာနသည်ပင်လျှင် ဆရာဝန်နှင့် သူနာပြုဆရာမများကိုယ်တိုင် ပြည်သူ့ဆေးရုံများ၌ ဆေးကောင်းစွာမကုတော့ပဲ ငွေများများရသည့် ကိုယ်ပိုင်ဆေးခန်းတွင်ပင် အချိန်ကုန်ကြလေသည်။ ပြည်သူ့ဆေးရုံများသို့ တခါတရံ တောကြိုတောင်ကြားမှ ဘာမှနားမလည်သော လူနာများလာတက်ပါက တာဝန်ကျဆရာမများသည်ရောဂါနှင့်မပတ်သက်သည့် ဆေးများနှင့်ဆေးထိုးပြွန်များကို တန်ဖိုးကြီးကြီးပေးဝယ်စေ၏။ တမင်ဖွဲ့ထုတ်သိမ်းဆည်းထားသည့် ဆေးဝါးနှင့် ဆေးထိုးပြွန်များလည်း ၎င်းတို့စုပေါင်းဖွင့်ထားသော ဆေးဆိုင်သို့ရောက်သွားလေတော့သည်။

**ဆရာနှင့်တပည့်သည်**
**အလုပ်ရှင်နှင့်အလုပ်သမားပုံစံပြောင်းသွားသည်ကို**
**သုံးသပ်နိုင်ပါ၏။ ကျောင်းသား/သူများက အလုပ်ရှင်ဖြစ်ပြီး**
**ဆရာ/မများက အလုပ်သမားဘဝ ရောက်သွားတော့၏။**

ပညာရေးဦးစီးဌာနဆိုလျှင်လည်း အိုင်အဲန်ဂျီအိုအဖွဲ့များ၏ လှူဒါန်းမှုဖြင့် ကျောင်းဆောင်သစ်တခုဆောက်လုပ်တိုင်း လိုအပ်သောပစ္စည်းစာရင်းနှင့် လုပ်ဆောင်ပြီးစီးမှုကုန်ကျစားရိတ် စာရင်းဇယားများကို မသင်္ကာနည်းလမ်းဖြင့် လိမ်ညာတင်ပြတတ်ကြ၏။ ကျောင်းဆောင်ပြီးစီးသွားပါက မြို့နယ်ပညာရေးမှူးလည်း ရွှေတွဲလွဲငွေတွဲလွဲဖြစ်သွားပါတော့သည်။ နအဖခေတ်ပညာရေးလောက၏ ပိုမိုဆိုးရွားသောပြုရုပ်ကား ဆရာနှင့်တပည့်သည် အလုပ်ရှင်နှင့် အလုပ်သမားပုံစံပြောင်းသွားသည်ကိုသုံးသပ်နိုင်ပါ၏။ ကျောင်းသား/သူများက အလုပ်ရှင်ဖြစ်ပြီး ဆရာ/မများက အလုပ်သမားဘဝ ရောက်သွားတော့၏။ လစာလုံလောက်မှုမရှိသည့်အတွက် စာသင်ဆရာဘဝမှ ကျူရှင်ပြစားသည့် ဆရာဘဝသို့ ကူးပြောင်းကုန်ကြသည်။ ကျောင်းသားများက ကျူရှင် ဆရာ/မအား ပိုက်ဆံများများပေးနေသ၍ ၎င်းတို့စာကြိုးစားမှု မကြိုးစားမှုနှင့်မဆိုင်တော့ပေ။ ငွေပေးထားပြီးဖြစ်သောကြောင့် စာမေးပွဲမအောင်ခဲ့လျှင်



INDP BUR 223.PMD 29 24/3/2549, 16:56

ဆရာများ၌သာ အပြစ်ရှိမည်ဖြစ်သည်။ ငွေသိန်းချီပေးပြီး ပညာဆည်းပူးရသော ဘော်ဒါဆောင်များ မိုလိုပေါက်သည့် ခေတ်ဖြစ်လေရာ ဘော်ဒါဆောင်များလည်း မည်ကာမတ္တပညာရောင်းသည့် ဈေးဆိုင်များ သဏ္ဍာန်ဖြစ်လာတော့သည်။ အချို့ ဘော်ဒါဆောင်များတွင် ဆရာနှင့် တပည့်ပြဿနာဖြစ်ပေါ်ပါက ငွေရောဖေါက်သည်ပါဆုံးရှုံးမည်ကို စိုးသဖြင့် ဆရာများကိုယ်တိုင်က ကျောင်းသားဆီ အိမ်တိုင်ရာရောက်သွား၍ တိုးလျှိုးတောင်းပန် ဖြောင်းဖြရသည်လည်းရှိ၏။ ထိုနည်းတူစွာ အမှတ်ကောင်းဖြင့်စာမေးပွဲအောင်ချင်လျှင် အတန်းပိုင်ဆရာအား လူ့ဘွယ်ပစ္စည်းနှင့်အသပြာများကန်တော့လိုက်ပါက မြေကြီးလက်ခတ်မလွဲမှုချ ဂုဏ်ထူးဖြင့်ပင်အောင်မည်ဖြစ်သည်။ “အရည်အချင်းသည် သာမည၊ အရေအတွက်သည်သာအဓိက”ဟူသော ဆောင်ပုဒ်သည် ယနေ့နအဖခေတ် ပညာရေးနှင့်လိုက်ဖက်လှပါသည်။

ဌာနအလိုက် လာဘ်စားမှုများဖုံးဖိရန်
နုတ်ပိတ်ခလာဘ်ပြန်ထိုးရသည့်
ဌာနပေါင်းစုံဒူးတုန်အောင်ကြောက်ရသော
စာရင်းစစ်ဦးစီးဌာန

အသေးအဖွဲ့ကအစ လာဘ်စားသောဌာနဆိုပါက စည်ပင်သာယာရေးဦးစီးဌာနကို ညွှန်းရမည်ဖြစ်၏။ မည်သည့် တိုက်အိမ်ကြီးငယ်မဟူ ဆောက်လုပ်တော့မည်ဆိုလျှင် ၎င်းဌာနသို့ဦးစွာ အခွန်ပေးဆောင်ရ၏။ အိမ်ရှေ့ဝင်းခြံအုတ်တံတိုင်းကာရံသည်က အစပေးဆောင်ရသည်၊ စတိုးဆိုင်ကြီးကြီးအစ လမ်းဘေးကွမ်းယာဆိုင်ကလေးအထိ ၎င်းတို့အား အခွန်ပေးစွံ့ကြေး ဆောင်ရသည်။ အိမ်ထောင်တခုအတွက် လူခွန်၊ မြေခွန်၊ အမှိုက်ခွန်၊ ရေနုတ်မြောင်းခွန်အစ ကိုယ့်ရေတွင်းကိုယ်သောက်သုံးသည့် ရေခွန်ပါ ပေးဆောင်ရလေသည်။ တရားဝင်အခွန်ကြေးမှာ ကျပ်/ပြားခန့်သာဖြစ်သော်လည်း ၎င်းတို့က ရာချီထောင်ချီအထိ ကောက်ခံသည်။ ရပ်ကွက်နှင့်ကျေးရွာအတွင်း လမ်း–တံတားများတည်ဆောက်ရာတွင် ပေနှစ်ဆယ်ခင်းရမည့်လမ်းအား ဆယ့်ငါးပေသာခင်းပြီး ကျန်သည့်ကုန်ကျစရိတ်ကို အင်ဂျင်နီယာများ အုပ်လိုက်ကြသည်။ အချို့မြို့များရှိဈေးများဆိုလျှင် အရောင်းဆိုင်များက တနှစ်စာအမှိုက်ခွန် ရှင်းထားပြီးဖြစ်သော်လည်း ဈေးအတွင်းအမှိုက်သန့်ရှင်းရေးလုပ်ဆောင်မှုတွင် ပြည်သူများအားအခမဲ့လုပ်အားပေး၍ ခိုင်းစေသည်လည်းရှိသည်။

သျှမ်းပြည်မြောက်ပိုင်းတခွင်တွေ့မြင်နေကျ စစ်အစိုးရ၏ ဌာနပေါင်းစုံလာဘ်စားမှုမှာ မမြင်ချင်အဆုံးဖြစ်၏။

☞ အိမ်မြေအရောင်းအဝယ်လုပ်လိုပါက ငွေသိန်းချီထိုးပေးလိုက်လျှင် ညတွင်းချင်း အိမ်ဂရမ်လုပ်ပေးသည့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

☞ ဌာနအလိုက် လာဘ်စားမှုများဖုံးဖိရန် နုတ်ပိတ်ခလာဘ်ပြန်ထိုးရသည့် ဌာနပေါင်းစုံဒူးတုန်အောင်ကြောက်ရသော စာရင်းစစ်ဦးစီးဌာန

☞ လျှပ်စစ်မီးကို တရက်ခြားမှတပတ်ခြားအထိ တခါသာထွန်းပေးပြီး ဓါတ်ဆီ ဒီဇယ်များ ခိုးထုတ်ရောင်းချသည့် လျှပ်စစ်စွမ်းအားဦးစီးဌာန

☞ ငွေရှင် ဓနရှင်တရုတ်ကြီး ကုလားကြီးများထံမှ ငွေသိန်းချီယူပြီး စနေ၊ တနင်္ဂနွေနေ့များတွင် ရုံးတံခါးပိတ်၍ နိုင်ငံသားစိစစ်ရေးကဒ်ပြားနှင့် အိမ်ထောင်စုဇယားများလုပ်ပေးနေသော လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် ပြည်သူ့အင်အားဦးစီးဌာန

☞ မြို့တွင်း ဆိုင်ကယ်ဦးထုပ်၊ လိုင်စင်၊ ယာဉ်မောင်းလိုင်စင် တခုခုမပါခဲ့လျှင် ချက်ချင်းလက်ငင်း ငွေငါးထောင်ထုတ်ပေးရမည့် ယာဉ်ထိန်းသိမ်းရေးတပ်ဖွဲ့

☞ လမ်းခါးပြဟုတင်စားခံထားရသည့် လမ်း–တံတားတိုင်း တဲထိုးပြီး ဆိုင်ကယ်ကယ်ရီသမားများ၊ ကုန်တင်ကားကြီးနှင့်ထော်လာဂျီများအပေါ် ငွေတရာမှသည် ထောင်ဂဏန်းသောင်းဂဏန်းအထိ ဟစ်အော်ငေါက်ငမ်း တောင်းရမ်းသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲများ၊ စစ်သားများ။

☞ ဆွေမျိုးသားချင်းများထဲမှ အမှုတခုခုရင်ဆိုင်တွေ့ကြုံပြီဆိုလျှင် အမြန်အဆန်ပြီးပြတ်စေရေးအတွက် ကူညီ–ပါရစေဟု ပိုစတာ စာတမ်းများကပ်လေ့ရှိပြီး ငွေထုပ်ဖြစ်စေ၊ ဂျော်နီဝေါကားပုလင်းဖြစ်စေ မျက်လုံးတဝင်းဝင်းဖြင့် မျှော်နေတတ်သည့် ပလိပ်အရာရှိများနှင့်တရားသူကြီးများ

☞ အကျဉ်းကျခံနေရသော ဆွေမျိုးများနှင့်တွေ့ဆုံရန် ထောင်ဝင်စာသွားတောင်းလျှင် တံခါးအဆင့်ဆင့်တိုင်း ငွေခင်းပေးနိုင်မှ မျက်စိမျက်နှာကောင်းသော ထောင်အာဏာပိုင်များ–

အထက်ပါအကြောင်းအရာများသည် အဖိနှိပ်ခံနင်းပြားပြည်သူများ နေ့တဓူဝတွေ့ကြုံရင်ဆိုင်နေရသည့် ကိစ္စများဖြစ်သည်။

အချို့သော တောင်ပေါ်ဒေသမြို့ငယ်များတွင် အကောက်ကြေးများများယူ၍ လောင်းကစားဝိုင်းများဖွင့်ခွင့်ပေးထား၏။ တခါတရံမြို့နယ်ရဲတပ်ဖွဲ့ဝင်များကိုယ်တိုင် ဝင်ကစားပြီးရှုံးသောအခါ ကြွက်မနိုင်ကျီမီးရှို့ ကစားဝိုင်းကို တရက်အတွင်းပိတ်ခိုင်းလိုက်ကြသည်လည်းရှိ၏။ အခြားဘာကိုမှ မလုပ်စားတတ်သဖြင့် ဆင်ဖြူတော်မှီကြံစုပ် လောင်းကစားဝိုင်းထောင်၍ အကောက်ကြေးများကိုပေးထားပြီးဖြစ်သော်လည်း အရင်းပြန်မရမီမှာပင် ဤသို့အပိတ်ခံလိုက်ရခြင်းသည် ယယ်ထိပ်ကိုမြွေပေါက်သကဲ့သို့ ဆွေ့ဆွေ့ခုန်ခံလိုက်ရသည်များလည်းရှိသည်ဟူ၏။

ခရီးထွက်လျှင်လည်း ကိုယ်ပိုင်ကားဖြစ်စေ၊ ကိုယ်မပိုင်ကားဖြစ်စေ၊ ကုန်တင်သည်ဖြစ်စေ၊ မတင်သည်ဖြစ်စေ ဆိုင်ကယ်ဖြစ်ဖြစ် ကားဖြစ်ဖြစ် ဝါးတားဂိတ်တိုင်းအမြဲငွေတောင်းသဖြင့် ရဲလော၊ စစ်သားလော မကြည့်နိုင်အားပဲ အချိန်ကုန်စကားကြောမရှည်လိုသဖြင့် ငွေထိုးထိုးပေးရသည်လည်းမနည်းလှ။ ဌာနပေါင်းစုံစစ်ဆေးရေးဂိတ်တိုင်း အကောက်ခွန်ဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့်မူးယစ်တို့က ကန့်သတ်ကုန်ပစ္စည်းကိစ္စရေးထားသောဆိုင်းဘုတ်ကြီးကို ညွှန်ပြကာ “ဒါတွေတင်လို့မရဘူးဆိုတာမသိဘူးလား၊ ပြန်ဆုတ်၊ ပြန်ဆုတ် ပြောတာနားမထောင်ရင် ကားသိမ်းပစ်လိုက်မယ်”ဟု ကားသမားများအား ခြိမ်းခြောက်အော်ငေါက်စမြဲ။ နောက်ဆုံး ခြသေ့်တံဆိပ်စက္ကူတထပ် အံဆွဲထဲထိုးထည့်လိုက်တာတောင်မှ နည်းသည်များသည်နှင့် ငါးစိမ်းသည်ကိုဈေးဆစ်ရသလိုဒင်းတို့ထံအသနားခံ၍ ကြိုက်ဈေးကိုညှိပေးလိုက်မှ ဟိုကြည့်ဒီကြည့်နှင့်



INDP BUR 223.PMD 30 24/3/2549, 16:56

ဂိတ်ပတ်စာရွက်ပေါ်ဒိုးကနဲတံဆိပ်ရိုက်ပြီး ခပ်တည်တည်နှင့် ပစ်ပေးလိုက်ကာ "နောက်တခါတင်မလာနဲ့ မမြင်ချင်ဘူး" စသည်ဖြင့် အော်ငေါက်လွှတ်ပေးတတ်သည်မှာလည်း ထုံးစံတခုလိုဖြစ်နေသည်။

ထိုနည်းတူ မှတ်ပုံတင်မရှိသူများလည်း ခြသေ့်တံဆိပ်ဝါဇီစက္ကူထောက်ခံချက်ဖြင့် သွားလာနေကြသည်။ တခါတရံ "တရုတ်လား၊ ကုလားလား" လဝကများက မသင်္ကာမျက်လုံးဖြင့် ခရီးသည်များကို စစ်လားဆေးလားဖြင့် အချိန်ဆွဲပညာပြတတ်သေး၏။ "တိုင်းရင်းသားပေါင်းစုံနေထိုင်တဲ့ ဒီသျှမ်းပြည်ကြီးမှာ ခရီးသွားပြည်သူတိုင်း ဗမာရုပ်ပေါက်နိုင်ပါ့မလားဆရာရယ်"ဟု စိတ်မရှည်စွာ ပြန်လည်စောဒကတက်မိသော ကားသမားများအဖို့ ထိုနေ့သည် ပြဿဒါးပင်။ ဂိတ်တွင်း အာဏာပိုင်များနှင့်ရင်ဆိုင်တိုင်း ကောင်းကောင်းမွန်မွန်ဆက်ဆံရေးမှာ ကားသမားတိုင်းမရှိမဖြစ်လိုအပ်သော အရည်အချင်းတရပ်ဖြစ်နေလေတော့သည်။ အချို့ကုန်တင်ယာဉ်ကြီးများ၏နောက်ဖုံးနှင့်ရှေ့ကာများတွင် "မချစ်သော်လည်း အောင့်ကာနမ်း"ဟူသောစာများ ကပ်ထားတတ်သည်မှာမထူးဆန်းတော့ပေ။ ခရီးလည်းပန်း၊ လမ်းလည်းကြမ်း (စစ်ဆေးမှုကြမ်း)သောကြောင့် အချို့ခရီးသည်များအဖို့ ငွေကုန်ကြေးကျခံကာ လေယာဉ်ဖြင့်အေးအေးလူလူ ခရီးသွားရန် ကြံရွယ်ကြသူများလည်းရှိ၏။ သို့သော်ထူးမခြားနားပင်။ လေယာဉ်ကွင်းတွင် အထုပ်အပိုးများ ဖွလှန်ကြဲစစ်ဆေးခံရခြင်း၊ လုံခြုံရေးတပ်ဖွဲ့ရန်ပုံငွေအတွက်ဟုဆိုကာ အပတ်လွှန်ဂျာနယ်များ အတင်းဝယ်ခိုင်းခြင်း၊ လဝကများအတွက် သီးသန့်ရန်ပုံငွေထည့်ဝင်ရခြင်းများ ကြုံကြိုက်ရပြန်သည်။

ခြစားမှု၊ လာဘ်စားမှုများသည် တပြည်လုံးအနှံ့ ထုံးတမ်းစဉ်လာတခုသဘွယ် အမြစ်တွယ်နေပြီး အချို့နေရာ/ပုဂ္ဂိုလ်များအဖို့ ယူသူကလက်သင့်မခံလိုသည့်တိုင် ပေးသောသူကပေးနေကျဖြစ်သဖြင့် ခြေချုပ်ကျကပ်ကြီး ပေါ်ထွန်းနေပြီဖြစ်၏။ အနာဂတ်တိုင်းပြည်အတွက် ရွှေပြည်တော်မျှော်တိုင်းဝေး အမှောင်မိုက်ဘေးသို့ ဦးတည်တွန်းပို့နေတော့သည်။

ယနေ့အဖို့တိုင်းပြည်၏ ပို၍ကြီးမားသောပြဿနာမှာ မဟာခေါင်းဆောင်ကြီးများ အသိဉာဏ်မရှိ၊ သွက်သွက်ခါရူးနေပါလျက် မိမိတို့ရာထူးစည်းစိမ်တည်မြဲရေးကိုသာ ပြုနေသောအမှုဖြစ်၏။

သည်မင်းသည်စိုး သည်သူခိုးနှင့် သည်မိုးသည်လေ၊ သည်သူတွေအောက်၌ နိုင်ငံအဖို့ယခုထက်ကြီးမားသော ဆင်းရဲဒုက္ခများ ခံစားကြရမည်အုံ့ – ဟူသော ကြေးမုံဦးသောင်း၏အဆိုအမိန့်အတိုင်းတည်း။
– အယ်ဒီတာ

**သီပေါတောကျား**
**18 th: Feb: 2006**

# စစ်တိုင်းမှူးများ၏ နေ့တာရှုဝသော်ချက်ဝက်ဖန်လုပ်ငန်း

ပုံ။ ။ရောဝတီမဂ္ဂဇင်း



*"ဤပုံကိုကြည့်ပါ၊ အဝေးမှမြင်နိုင်ပါသည်"၊ "ကြည့်သောသူသည်မြင်၏"*။ အနှိုဆောင်ပုဒ် အဆိုများကိုသတိရမိ၏။

ယနေ့ဗမာပြည်၏ ဖြစ်ရပ်မှာ ပဒေသရာဇ်သက်ဦးဆံပိုင်ဘုရင်စနစ်ထက် အတိုင်းအဆမရှိ ပိုမိုယုတ်ညံ့ဆိုးဝါးနေသည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့သည် နှပ်ချီးတွဲလောင်းကပ္ပိယနှင့် တုတ်ကိုင်ကျောင်းထိုင်ဆရာတော် ပမာတူညီပါ၏။ ထိုနည်းတူပင် နအဖစစ်တိုင်း ၁၂ တိုင်း၏ တိုင်းမှူးအသီးသီးမှာလည်း စစ်အစိုးရအဖွဲ့ဝင်ဝန်ကြီးအသီးသီးထက် အာဏာသြဇာပိုကြီးကြောင်း တတိုင်းပြည်လုံး တွေ့မြင်သိရှိကြသည်။

စစ်တိုင်းမှူး ၁၂ ယောက်သည် မိမိစစ်တိုင်းနယ်မြေအတွင်း ဘုရင်တဆူပမာမင်းမူအာဏာပြနိုင်၏။ သို့သော် ၎င်းတို့အားလုံးအပေါ်တဖန်အုပ်ချုပ်ရပြန်သော မဟာကေရာဇ်ဘဝရှင်မင်းတရားကြီးချုပ်မှူးကြီးသန်းရွှေထက် မိဖုရားခေါင်ကြီးဒေါ်ကြိုင်ကြိုင်ကို ပို၍အလုပ်အကြွေးပြုနေရသည်ဟုဆိုသည်။

> **"စစ်တိုင်းမှူး ၁၂ ယောက်သည် မဟာကေရာဇ်ဘဝရှင်မင်းတရားကြီးချုပ်မှူးကြီးသန်းရွှေထက် မိဖုရားခေါင်ကြီးဒေါ်ကြိုင်ကြိုင်ကို ပို၍အလုပ်အကြွေးပြုနေရသည်"**

အဘယ်မျှနည်းဟူမူ ရန်ကုန်စစ်ရုံးချုပ်သို့ စစ်တိုင်းမှူးများ ၄ လပတ်အစည်းအဝေးသွားတက်တိုင်း ဒေါ်ကြိုင်ကြိုင်အတွက် ငွေသားကျပ်သိန်း ၅၀၀ စီ ကန်တော့ပွဲတင် အခစားဝင်ရသောကြောင့်ဖြစ်၏။ သို့မှသာ ၎င်းတို့၏ ရာထူးကုလားထိုင်မြဲလေသည်။

စစ်တိုင်းမှူးတိုင်း၏ နေ့တာရှုဝလုပ်ငန်းမှာလည်း အဆိုပါ ဘဏ္ဍာဆက်စုဆောင်းငွေအတွက် နေ့စဉ်ကြံဖန်ရှာကြံ ဖွဲ့ထုတ်ထားရသည်ဟူ၏။

နံနက်ပိုင်းနေအတော်မြင့်မှ စစ်တိုင်းရုံးရှိ မိမိရုံးခန်းသို့ တိုင်းမှူးရောက်လာသည်နှင့် ဒေသတွင်းနိုင်ငံရေး၊ စစ်ရေး၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စများအတွက်လက်မှတ်ထိုး၏။ လိုအပ်သည်များကိုညွှန်ကြားအမိန့်ချ၏။

ပုံမှန်သာမန်ကိစ္စများသာရှိပါက မိနစ် ၃၀၊ တနာရီခန့်၊ အရေးကြီးကိစ္စရှိလာလျှင် အကြာဆုံးနှစ်နာရီခန့်အလုပ်လုပ်ပြီး အိမ်ပြန်လေ့ရှိ၏။ နေ့လည်စာကိုမူ အဆင့်မြင့်ကုန်သည်ပွဲစားလုပ်ငန်းရှင်ကြီးများ၊ ပြင်ပအစိုးရညွှဲ့သည်တော်များ၊ VIP များ၊ စစ်ရုံးချုပ်မှလာသော အထက်

အရာရှိကြီးများနှင့်အတူ မကြာခဏသုံးဆောင်လေ့ရှိ၏။ ကုန်သည်ပွဲစားလုပ်ငန်းရှင်ကြီးများနှင့်သာအတူရှိပါက စီးပွားရေးကိစ္စဆွေးနွေးပြီး ဘော်ချက်ဝက်ဖန်အခွင့်အလမ်းကို ဖေါ်ဆောင်လေတော့သည်။

## မိဖုရားခေါင်ကြီးအား ၄ လတစ်ကြိမ် ကျပ်သိန်း ၅၀၀ ဘဏ္ဍာတော် မဆက်သနိုင်ပါက မိမိဘဝရွှေ့ရေးမည်သည့်ဘေးနှင့် ရင်ဆိုင်ရနိုင်သည်ကို စစ်တိုင်းမှူးတိုင်း နောကြေထားကြသည်

မွန်းလွဲပိုင်းဂေါက်သီးရိုက်ချိန်ဆိုလျှင်လည်း ဒေသတွင်းမျက်နှာကြီးကုန်သည်ပွဲစားများ၊ လုပ်ငန်းရှင်မျက်နှာဖုံးစွပ် မူးယစ်ရာဇာများ၊ အချို့အပစ်ရပ်အဖွဲ့ခေါင်းဆောင်များနှင့် အအေး၊ ဘီယာ၊ ယမကာတမြမြ၊ အချောအလှပျိုကညာများဝန်းရံပြီး ဘက်စုံဖွံ့ဖြိုးရေးအမည်ခံ စီးပွားရေးနှင့် အခြားလုပ်ငန်းကိစ္စများအတွက် စကားစမြည်ပြောကြသည်။

ညနေ ၀၆း၀၀ – ၀၇း၀၀ နာရီ ညစာထမင်းစားချိန်ကား အကောင်းဆုံးအချိန်ဖြစ်လေ့ရှိသည်ဟူ၏။ အဆင့်မြင့် အသားငါး ခဲဘွယ်ဘောဇဉ်များစုံလင်ပြီး အာဝဇ္ဇန်းရွှင်ရွှင်စကားပြောနိုင်သည့် ရစ်ရွှေရည်စားပွဲဝိုင်းဖြစ်သောကြောင့်ပင်။ တနာရီခန့်အချိန်အတွင်း စားပွဲဝိုင်းထိုင်စားသောက်ပြောဆိုကြသည့် ကုန်သည်ပွဲစားလုပ်ငန်းရှင်များအကြားညှိနှိုင်း ဆွေးနွေးမှုပြုလုပ်ကြတော့သည်။ မည်သူကဖြင့် မည်သည့်စီးပွားရေးခွင့်ပြုချက်၊ မည်သည့်အလုပ်ပါမစ်အတွက် မည်မျှပေးနိုင် ထိုးနိုင်ခွံ့နိုင်သည်တို့ကို ဈေးဆစ်ဆွေးနွေးကြခြင်းဖြစ်သည်။ အများဆုံးစိတ်တိုင်းကျသောသူနှင့်အပေးအယူတည့်သွားပါက မိဖုရားခေါင်ကြီးအားဆက်သရမည့် ဘဏ္ဍာတော်အတွက် တလစာနှစ်လစာပြည့်မီစေရန် စုဆောင်းထားမည်ဖြစ်သည်။ ထိုထက်မက တိုင်းမှူးကိုယ်တိုင်အတွက်လည်းအပိုအလျှံလက်ကျန်ဖဲ့ထုတ်ထားနိုင်ဘို့သေချာစေရန် သီးသန့်အကွက်ချဘော်ချက်ဝက်ဖန်ခြင်းဖြစ်သည်။

မိဖုရားခေါင်ကြီးအား ၄ လတစ်ကြိမ် ကျပ်သိန်း ၅၀၀ ဘဏ္ဍာတော်မဆက်သနိုင်ပါက မိမိဘဝရွှေ့ရေးမည်သည့် ဘေးနှင့်ရင်ဆိုင်ရနိုင်သည်ကို စစ်တိုင်းမှူးတိုင်း နောကြေထားကြသည်ဟုဆို၏။ ထို့ထက်မက မိမိခွဲတမ်းပြည့်မီသည်အထိ တာဝန်မကျေလျှင် မိဖုရားခေါင်ကြီးသာမက


ဗိုလ်သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်

ဘဝရှင်မင်းတရားကြီးပါ မုချကေန် မျက်မာန်တော်ညှိုးစိတ်ဆိုးမည်ဖြစ်သဖြင့် စစ်တိုင်းမှူးတိုင်း ထိုအချက်ကိုအသုံးချ၍ လွတ်လပ်စွာဘော်ချက်ဝက်ဖန်နိုင်ကြခြင်းဖြစ်သည်။ ထိုပုံကိုအဝေးမှပင်ကြည့်ကြည့်၊ ကြည့်တတ်သူတိုင်း မြင်မည်သာတည်း။

အထက်ဖါးအောက်ဖိ၊
ကျိုကျိုတက်ချမ်းသာ၊
လူ့ဗာလလူ့မလှိုင်အတန်းအစား၊
စစ်သားအထက်စစ်ဗိုလ်၊
ပြည်သူကိုဆင်းရဲတွင်းတွန်းပို့၊
ထိပ်သီးများအဘို့ဘဏ္ဍာဆက်၊
တိုင်းပြည်ပျက်လည်းမဖြုန်၊
ဒင်းတို့အကုန်လက်ဝါးကြီးအုပ်ပိုင်စိုးနေ၊
ဘယ်သူသေသေငတေမာပြီးရော၊
ခြစားဇာတ်မျှောထဲလူးလွန့်၊
ခင်ညွန့်တို့အုပ်စုကိုကန်ထုတ်၊
အချင်းချင်းခွက်စောင်းခုတ်ပွဲမဆုံးတမ်း၊
ဒီလမ်းစဉ်နည်းနာစွဲမြဲစွာကျင့်သုံး၊
လူထုမုန်းတဲ့စစ်အုပ်စု၊ သူတို့ပြုသမျှဆက်နရမှာလား?။

ထွိဂံရိုးမပြည်သား
၁၂၊၀၃၊၀၆



# ပြည်ထောင်စုနှင့်ဖက်ဒရယ်

**NCGUB Newsletter #23, March ‘06** မှ

“ဖွဲ့စည်းပုံဆိုတာက (၃) မျိုးလောက်ရှိတယ်။ ကျနော်တို့သိသမျှ ဆိုလို့ရှိရင်တော့ Unitary ရယ်၊ Federal ရယ်၊ Confederation ဆိုပြီး တော့ရှိတယ်။ Unitary တပြည်ထောင်စနစ်၊ Federation ဆိုတာ ပြည်ထောင်စုစနစ်ပေါ့။ Confederation ဆိုတာက ပြည်ထောင်စုစနစ် အဆင့်မဟုတ်ဘူး။ Confederation ကို ကျနော်တို့ မလိုချင်ဘူး။ အခု သူတို့ဘာသာပြန်နေတာက Federation နဲ့ Confederation နဲ့ရောရော ပြီးတော့ ဘာသာပြန်တာ။ ကျနော်တို့ လိုချင်တာက Federation ပေါ့။ Federation က ပြည်နယ်နဲ့ ဗဟိုအစိုးရနဲ့အပေးအယူမျှတတဲ့ ဥပဒေ တွေပြဋ္ဌာန်းပြီးတော့ လုပ်တဲ့စနစ်ကို ကျနော်တို့လိုချင်တယ်။ Confede -ration ဆိုတာ သဘောတူမှလုပ်၊ သဘောမတူရင် ကိုယ့်ဟာကိုယ် နေလို့ရတာကိုးဗျ။ ဒီလိုဟာမျိုး ကျနော်တို့မလိုချင်ဘူးလို့ပြောတာ။”

**မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ ဗဟိုအလုပ်အမှုဆောင်နှင့်**
**ညီညွတ်သောတိုင်းရင်းသားများမဟာမိတ်အဖွဲ့**
**UNA အဖွဲ့ဝင် နိုင်ငွေသိန်း**

“ကျနော်တို့လေ့လာတဲ့အခါမှာဖက်ဒရယ်မှုဆိုတာ ခွဲထွက်ရေးလို့ ပြောလို့မရပါဘူး။ ကမ္ဘာမှာခွဲထွက်ရေးကိုပေးထားတဲ့နိုင်ငံဟာ ဟိုတုံးက (၃)နိုင်ငံပဲရှိတယ်။ အဲ့ဒါ ဘယ်နိုင်ငံလဲဆိုတော့ ဆိုဗီယက်ယူနီယံ၊ ပြီးတော့ ယူဂိုဆလပ်၊ ပြီးတော့ (၄၇)အခြေခံဥပဒေအရ (၁၀)နှစ်ပြည့်ရင် ဘယ်နည်းဘယ်ပုံခွဲထွက်နိုင်တယ်ဆိုတဲ့စည်းမျဉ်းတွေ ကန့်သတ်ထားတဲ့ ဗမာနိုင်ငံပေါ့ဗျာ။ ဒီနိုင်ငံတွေပဲရှိပါတယ်။ ကျန်တဲ့ ကမ္ဘာ့ပြည်ထောင်စု အများစုဖြစ်တဲ့ အမေရိကန်၊ အိန္ဒိယ၊ သြစတြေးလီးယား၊ အဲဒီနိုင်ငံတွေ ကလည်း ပြည်ထောင်စုပဲ၊ ဖက်ဒရယ်နိုင်ငံပဲ။ ဒါပေမဲ့ အဲ့ဒီမှာ ခွဲထွက်ခွင့် မရှိပါဘူး။ အဲဒီတော့ နိုင်ငံရေးသိပ္ပံအရလေ့လာတဲ့အခါမှာ ဖက်ဒရယ်စနစ် မှန်ရင် အစိုးရနှစ်မျိုးရှိတယ်။ တမျိုးကဘာလဲဆိုတော့ ဗဟိုအစိုးရ ပြည် ထောင်စုအစိုးရ၊ အခြားအစိုးရကတော့ပြည်နယ်အစိုးရပေါ့ဗျာ။ ဒုတိယ သူ့ရဲ့ခွဲခြားသတ်မှတ်မှုက ဘာလဲဆိုတော့ အာဏာခွဲထားတာ။ ဥပဒေပြု ရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာတွေကို ဗဟိုပြည်ထောင်စု အစိုးရမှာရှိသလို ပြည်နယ်တွေမှာလည်းရှိတယ်။ အဲ့ဒီဟာတွေကို ဘာနဲ့ တည်ဆောက်ထားသလဲဆိုတော့ အခြေခံဥပဒေနဲ့တည်ဆောက်ထားတယ်။ အဲဒီတော့ အဲဒီနိုင်ငံတွေမှာ အာဏာအပိုင်ဆုံးအမြင့်မားဆုံးက အခြေခံ ဥပဒေပဲ၊ အဲဒီတော့ အာဏာကိုပြန်ပြီးချုပ်ပြောလိုက်ရင် ဗဟိုကယူတဲ့ အာဏာ၊ ပြည်နယ်ကယူတဲ့အာဏာ၊ ဗဟိုအစိုးရနဲ့ ပြည်နယ်အစိုးရ ပေါင်းယူတဲ့အာဏာဆိုပြီး တခါရှိတယ်။ အဲဒီတော့ ဖက်ဒရယ်ဆိုတာက မတူကွဲပြားတဲ့အင်အားစုတွေ၊ ကွဲပြားမှုတွေကိုစုစည်းထားတာ။ နောက် တနည်းပြောရမယ်ဆိုရင် အမျိုးသားနိုင်ငံရေး ဘုံရည်မှန်းချက်တခုကို အကောင်အထည်ဖော်နိုင်ဖို့ ဥပဒေအရ ဗဟိုအစိုးရနဲ့ ပြည်နယ်အစိုးရ တွေ အာဏာခွဲဝေယူတဲ့ပုံစံမျိုးပါ။”

“ကျနော်ကတော့နှစ်ပိုင်းလုံးမြင်တယ်။ တပိုင်းကတော့ ၁၉၆၂ ခု အာဏာသိမ်းတဲ့အခါ ပြည်ထောင်စုပြိုကွဲမှာကြောက်လို့ဆိုတဲ့ အကြောင်း ပြတဲ့အခါမှာ ဒီဖက်ဒရယ်စနစ်နဲ့ပတ်သက်ပြီးတော့ လိုအပ်တာထက် ပိုပြီး လူထုကြားထဲမှာ နားလည်မှုလွဲအောင်လုပ်ခဲ့တာဖြစ်ပါတယ်။ ဒုတိယကဗမာတွေထဲကလည်း အဲဒီ(၆၂)အချိန်တုံးက ဖက်ဒရယ်စနစ်နဲ့ ပတ်သက်ပြီးတော့ နားလည်တဲ့လူတွေ အင်မတန်နည်းပါတယ်။ ဒါပေမဲ့ အဲ့ဒီအချိန်ထဲကကို ဖက်ဒရယ်စနစ်ဆိုတာ ပြည်ထောင်စုတွင်းမှ ခွဲထွက်ပြီးတော့ သီးခြားနေရေးမဟုတ်ဘူး၊ ပြည်ထောင်စုခိုင်မြဲရေးကို တန်းတူရေးလမ်းစဉ်ဖြင့် ချီတက်ဖို့ဖြစ်တယ်ဆိုပြီးတော့ သျှမ်းခေါင်းဆောင် ဦးထွန်းမြင့်(တောင်ကြီး)ရေးခဲ့တဲ့ **“ပြည်ထောင်စုတွင်းမှ တန်းတူသော ရှမ်းပြည်”**ဆိုတဲ့စာအုပ်မှာ ကွယ်လွန်သွားပြီဖြစ်တဲ့ ဆရာသိန်းဖေမြင့် လို ဗမာနိုင်ငံရေးသမားတွေကရေးသားပြီးတော့ ပညာပေးခဲ့ပါတယ်။ သို့သော် နည်းခဲ့ပါတယ်။ ဒီလိုအချက်လက်မျိုးကို လူထုကြားထဲရောက် အောင်ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ချိနိုင်တာက အာဏာကိုင်ထားတဲ့လူတွေ ကသာ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်နိုင်တာဖြစ်တာကိုး။ ကျနော်တောင် အခု ဥပဒေလေ့လာသူတယောက်ရဲ့ထောင့်ကပဲ ကျနော်ပြောနိုင်တာကိုး။ ကျနော်ကိုယ်တိုင်က ဒီနေ့ အခြေခံဥပဒေရေးဆွဲရေးမှာ (၁/၉၀) အပိုဒ် (၂၀) အရ ရေးဆွဲရန်တာဝန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တယောက် အနေနဲ့ ကျနော်ကိုယ်တိုင် ဘာမှလုပ်နိုင်တာမှမဟုတ်ဘဲ။ ဥပဒေပညာ ရှင်အရသာ ကျနော်တို့လေ့လာတွေ့ရှိချက်ကို အခုလို ကျနော့်ကိုမေးတဲ့ မြန်းတဲ့သူရှိရင် ဥပဒေထောင့်က ကျနော်တင်ပြနိုင်တာပဲရှိတာ။ ဒါဆိုရင် တော့ လက်ရှိအခြေအနေကို သုံးသပ်အကဲဖြတ်လို့ရပါတယ်။”

**သဃ်န်းကျွန်းမြို့နယ် NLD လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်**

“ပြည်ထောင်စုနဲ့ပတ်သက်ပြီးတော့ ဖက်ဒရယ်ဝါဒ ပြောကြတယ်၊ ...နားလည်မှုလွဲနေတယ်။ ...ပြောခွင့်ရေးခွင့် ပေးရမှာပဲ၊ ...နားမလည် သေးရင် နားလည်အောင် ကျနော်တို့ စာပေလွတ်လပ်ခွင့်ပေါ့ဗျာ၊ သတင်းစာလွတ်လပ်ခွင့် ချဲ့ရမှာပေါ့။ ...ကရင်နိုင်ငံတော်၊ ချင်းနိုင်ငံတော်၊ ရခိုင်နိုင်ငံတော်၊ မွန်နိုင်ငံတော်အစရှိသဖြင့် နိုင်ငံတော်တွေပေါင်းစပ်ထား တာ ပြည်ထောင်စုလို့ ခေါ်တာကိုး၊ အဲ့ဒီဟာကိုဖော်တဲ့အဓိပ္ပါယ်ပဲဗျ။ ပြည်နယ်လို့သုံးထားတာပဲ။ ကျနော်ကတော့ပြည်နယ်လို့တောင်မသုံးဘူး၊ ပြည်လို့ပဲပြောချင်တယ်။ သျှမ်းပြည်ပဲ ကျနော်ကြိုက်တယ်။ ပြည်ပဲ၊ သူလည်း ပြည်တပြည်ပဲဗျ။ အဲ့ဒီလိုသဘောထားရင် လူမျိုးတမျိုး ပြည် တပြည်လို့သဘောထားနိုင်ရင် အဲ့ဒီသဘောထားဟာ ပြည်ထောင်စု စိတ်ဓာတ်ပဲဗျ၊ ညီညွတ်ရေးကိုပဲ လုပ်ကြစေချင်တယ်။ ကျနော်ကတော့ ဖြစ်တဲ့နည်းနဲ့ပေါ့၊ မဖြစ်ဖြစ်တဲ့နည်းနဲ့လုပ်နိုင်တဲ့၊ နိုင်ငံရေးဆောင်ရွက်တဲ့ လူတွေအားလုံး အဲ့ဒီဟာကို အာရုံပြုပြီးတော့ လုပ်စေချင်တယ်ဗျာ။”

**ပင်လုံစာချုပ်အပါအဝင် မြန်မာနိုင်ငံရေးသမိုင်းခေတ်များစွာကို**
**ဖြတ်သန်းလာခဲ့သူ ငြိမ်းချမ်းရေးကဗျာဆရာကြီး ဒဂုန်တာရာ**



INDP BUR 223.PMD 33 24/3/2549, 16:56

"အခု ပြည်ထောင်စုဖြစ်ပေါ်လာတာ ဗမာပြည်မှာနှစ်ပေါင်း (၅၉) နှစ်တော့ရှိပြီ။ ဒါပေမဲ့ ကျနော်တို့နိုင်ငံမှာ စစ်မှန်တဲ့ပြည်ထောင်စုကို မထူထောင်နိုင်သေးဘူး။ အဲဒါကြောင့် ဘာကိုထူထောင်ကြလဲဆိုတော့ ဟန်ပြပြည်ထောင်စုပဲ ထူထောင်နိုင်ခဲ့ကြတယ်။ ကျနော်တို့မှာ ဘာလိုလဲ၊ ဟန်ပြပြည်ထောင်စုနဲ့ ပြည်တွင်းငြိမ်းချမ်းရေးတို့၊ တိုင်းရင်းသားလူမျိုးစုတွေရဲ့ ပြဿနာကို ဖြေရှင်းလို့မရဘူးဆိုတဲ့ အချက်တွေပေါ့။ ကျနော်တို့ အမြင်တော့ စံပြပြည်ထောင်စုပဲ လိုချင်တယ်။ စံပြပြည်ထောင်စု ဖြစ်ပေါ်လာဖို့က စစ်မှန်တဲ့ပြည်တွင်းငြိမ်းချမ်းရေးကို အမှန်တကယ်ရရှိဖို့၊ စစ်မှန်တဲ့ဒီမိုကရေစီစနစ် ပေါ်ထွန်းဖို့လိုတယ်။ စစ်မှန်တဲ့အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ထူထောင်ဖို့လိုတယ်။"

**UNLD အဖွဲ့ဝင် တိုင်းရင်းသားခေါင်းဆောင် ထောင်ကိုထန်း**

"စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာဖို့အတွက်ကတော့ ကုလသမဂ္ဂနဲ့ နိုင်ငံတကာက ချမှတ်ထားတဲ့ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးဆိုတဲ့မူကို ကျနော်တို့ ပြည်တွင်းမှာရော၊ လွတ်မြောက်နယ်မြေမှာရော၊ နိုင်ငံတကာရောက်ရှိနေတဲ့ တိုင်းရင်းသား အင်အားစုတွေအားလုံးက လက်ခံထားပြီးသား ဖြစ်ပါတယ်။ ဒါကြောင့်ကျနော်တို့က သုံးပွင့်ဆိုင် ဖြစ်ပေါ်ဆွေးနွေးရေးအတွက် ဆက်လက် တောင်းဆိုမှာဖြစ်ပါတယ်။ ဒါပေမဲ့လို့နအဖ ဖက်ဆစ်စစ်အုပ်စုအနေနဲ့ အဲဒီသုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးကို ကျောခိုင်းသွားမယ် ဆိုရင်တော့ ဒီမိုကရေစီအင်အားစု၊ တိုင်းရင်း သားအင်အားစုအားလုံးဟာ ဗိုလ်ချုပ်အောင် ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်များ ချမှတ် ထားတဲ့ ပြည်ထောင်စုနေ့စိတ်ဓာတ်၊ ပင်လုံ စိတ်ဓာတ်အင်အားနဲ့ပဲစုစည်းပြီးတော့ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက် သွားဖို့အတွက် လုပ်ငန်းအနေနဲ့ ချမှတ်ထားတာဖြစ်ပါတယ်။"

**NCGUB ဖက်ဒရယ်ရေးရာဝန်ကြီး ခွန်မားကိုဗန်း**

"၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ခွဲထွက်ခွင့်ပါတယ်။ အဲဒါကဘာလဲဆိုရင် ပြည်ထောင်စုကနေခွဲထွက်ဖို့ အဓိကပြောတာ မဟုတ်ဘူး။ ပြည်ထောင်စုရဲ့ အနှစ်သာရကို ဖော်ဆောင်ချင်တယ်၊ ဘယ်သူမှ မခွဲထွက်ချင်အောင် အားလုံးတာဝန်ရှိပြီးမှ လူများစုရော၊ လူနည်းစုကပါ အတူတကွရာသက်ပန်ပူးပေါင်း နေထိုင်ဖို့ရန်အတွက် ခွဲထွက်ခြင်းဆိုတဲ့ဟာကို ထည့်ထားခြင်းဖြစ်တယ်။ တိုင်းပြည်ပြိုကွဲဖို့ မဟုတ်ဘူးဆိုတာကို အလေးအနက် ကျနော် ပြောကြားလိုပါတယ်။"

**ချင်းပြည်မြောက်ပိုင်း တွန်းဇံမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ထန်လျင်းပေါင်**

## ပင်လုံစာချုပ်ပါအနှစ်သာရများအတိုင်း

"ပင်လုံမှာချုပ်ဆိုသဘောတူညီမှုရှိခဲ့တဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရမယ်ဆိုရင် မဟာလူမျိုးကြီးဝါဒ၊ တပါတီအာဏာရှင်စနစ်၊ စစ်အာဏာရှင်စနစ်တွေကို ကျနော်တို့တွန်းလှန်ဘို့လိုပါတယ်"

"ခွဲထွက်ရေးဆိုတာ သာတူညီမျှမှုမရှိလို့၊ တန်းတူအခွင့်အရေးမရှိလို့ ဖြစ်တယ်။ အဲဒါကြောင့် ဖက်ဒရယ်စနစ်ဆိုတာ ခွဲထွက်ရေးမဟုတ်ပါဘူး။ အုပ်ချုပ်သူ မဆလကနေ ဒီနေ့ထိ အုပ်ချုပ်သူအစိုးရတွေဟာ ဖက်ဒရယ်ဆိုတာ ခွဲထွက်ရေးဖြစ်တယ်ဆိုပြီးတော့ ထင်ယောင်ထင်မှားဖြစ်အောင် လိမ်လည်ပြောဆိုနေကြတာဖြစ်ပါတယ်"

**ခိုင်စိုးနိုင်အောင**

**NCUB ဒုဥက္ကဋ္ဌ**

"ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသာခေါင်းဆောင်တွေ ချမှတ်ထားတဲ့ စစ်မှန်တဲ့ဒီမိုကရေစီ၊ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မှ သာလျှင် ငြိမ်းချမ်းသာယာဝပြောမယ့် ပြည်ထောင်စုနိုင်ငံသစ်ကို ကျနော်တို့တည်ဆောက်နိုင်မှာဖြစ်ပါတယ်"

"စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာဖို့အတွက်ကတော့ ကုလသမဂ္ဂနဲ့နိုင်ငံတကာက ချမှတ်ထားတဲ့ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး ဆိုတဲ့မူကို ကျနော်တို့ပြည်တွင်းမှာရော၊ လွတ်မြောက်နယ်မြေမှာရော၊ နိုင်ငံတကာမှာရောက်ရှိနေတဲ့ ကျနော်တို့ ဒီမိုကရေစီအင်အားစုတွေ၊ တိုင်းရင်းသားအင်အားစုတွေအားလုံး လက်ခံထားပြီးသားဖြစ်ပါတယ်။"

**ဦးခွန်မားကိုဘန်း**

မဇ္ဈိမသတင်း ၁၂၊၀၂၊၀၆



INDP BUR 223.PMD 34 24/3/2549, 16:56

# တောင်တန်းသားတွေရချင်တဲ့ ပြည်ထောင်စု

"ပြည်ထောင်စုနေ့"တဲ့၊ တနှစ်တခါအချိန်တန်တော့ ထအော်ကြပြန်ပြီ။ နှစ်ပေါင်း ၆၀ ပြည့်တော့မယ်။ ဟိုလူမျိုးကိုလိမ်လိုက်၊ ဒီလူမျိုးကိုလိမ်လိုက်၊ ကောက်ကျစ်ယုတ်မာလိမ်ညာတဲ့လူတွေဟာ လူသားချင်းလူသားဖြစ်နေတာတောင်မှ လူမျိုးအညွန့်ခူးစားနေကြတယ်။ ပါးစပ်ကပျားရည်ဆမ်းစကားပြောပြီး နှလုံးသားမှာတော့ ခါးတမာ–ညစ်ပတ်စုတ်ပဲ့မှုအပြည့်ပါဘဲ။

ဒီပြည်ထောင်စုဆိုတာကို အဓိပ္ပါယ်ဖွင့်ကြတယ်။ နိုင်ငံတကာအတွေ့အကြုံရှိသူတွေ ကိုးကားထောက်ပြကြသလို ပညာရှင်တွေဒဿနဆရာကြီးတွေကလည်း အတွေးအမြင်တွေ ညွှန်းပြရှင်းပြကြပါတယ်။ ဒီတော့ စာရေးသူလည်း အတွေးအမြင်ရှိတာကိုတင်ပြချင်တယ်။ အများတကာလိုတင်ပြနိုင်စွမ်းတော့မရှိပါဘူး။ နိုင်ငံတကာဗဟုသုတပြည့်ဝမှုမရှိတာကိုလဲ ဝန်ခံပါတယ်။ ဒါပေမဲ့ တောင်တန်းသားပီသစွာတောင်ပေါ်သားစိတ်ထားနဲ့ ရိုးရိုးရှင်းရှင်းတွေးခေါ်တတ်တဲ့အတိုင်းတင်ပြချင်ပါတယ်။

ကျောင်းသားဘဝမှာ ဆရာသင်ပေးတဲ့အတိုင်း လူ့သတ္တဝါ လူ့အဖွဲ့အစည်း တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုဆိုတာ နှစ်ပေါင်းအသိန်းအသောင်း ဖြတ်သန်းလာခဲ့ရတယ်။ ဖြစ်စဉ်တလျှောက်မှာ ဂူအောင်းခေတ်အဆင့်ကနေ ကျောက်ခေတ် ကြေးခတ် သံခေတ်စတာတွေအထိတဆင့်ပြီးတဆင့် ပြောင်းလဲဖြတ်သန်းခဲ့ရတယ်။ ဒီနေ့ဂြိုလ်တု–ကွန်ပြူတာ–အင်တာနက်ခေတ်ဖြစ်ပေါ်တဲ့ အထိပါဘဲ။

သတ္တဝါသဘောအရ လူသတ္တဝါဘဲဖြစ်ဖြစ် တိရစ္ဆာန်ဘဲဖြစ်ဖြစ် တဦးတည်း တကောင်တည်းနေလို့မရဘူးဆိုတာပါဘဲ။ အခြေအနေပေးလာသလို အသိုင်းအဝိုင်းနဲ့နေရပါတယ်။ ဒါမှ မိမိတို့ရင်ဆိုင်ရမဲ့ ဘေးအန္တရာယ်ကို အကာအကွယ်ပြုရာမှာ အင်အားလုံလောက်တဲ့သဘောရှိပြီး ဒီလိုစုပေါင်းနေထိုင်မှသာ မိမိတို့ရဲ့နေထိုင်စားသောက်ရေးအတွက် အလိုရှိတာကို အလွယ်တကူရနိုင်တာကြောင့်ဖြစ်တယ်။

လူသားဖြစ်စဉ်တလျှောက်မှာ မတူညီမှုတွေလည်း ရှိလာရတယ်။ လူတွေဟာ အုပ်စုလိုက်နေထိုင်ရာမှာ အကျင့်စရိုက်မတူညီမှု၊ အရပ်ဒေသရဲ့ရာသီဥတုမတူညီမှု၊ စားသောက်နေရေးမတူညီမှုတွေကြောင့်ကွာခြားမှုတွေလည်းရှိလာတယ်။ အဲဒီလိုနဲ့ဒေသအလိုက် ယဉ်ကျေးတဲ့လူ၊ ရိုင်းစိုင်းတဲ့လူ၊ ကိုယ်ကျိုးကြည့်တဲ့လူ၊ အများအကျိုးကြည့်တဲ့လူစသဖြင့် လူ့အဖွဲ့အစည်းကြီးဖြစ်လာပါတယ်။ ဒီတော့ ပဋိပက္ခဖြစ်ပေါ်လာရတာ ဓမ္မတာပါဘဲ။ ဒီပဋိပက္ခတွေကို စုပေါင်းဖြေရှင်းဘို့ အုပ်ချုပ်ရေးပုံစံ/နည်းနာဆိုတာပေါ်ပေါက်လာရတယ်။ အုပ်ချုပ်ရေးမှာလွယ်ကူအောင် စုပေါင်းညှိနှိုင်းပြီး သဘောတူညီချက်တွေရယူကြရတယ်။ ဂတိဝန်ခံချက်တွေဖြစ်လာရတယ်။ ဒါကိုဘဲ ဥပဒေအဖြစ်ပြဋ္ဌာန်းပြီးခေါ်ကြတယ်။ သဘောတူညီချက်တွေ ခိုင်မာလာအောင်လုပ်ထားကြရတာဘဲ။ ဒီဥပဒေတွေ ခိုင်မာလာအောင်လုပ်ပြီး လက်တွေ့ကျင့်သုံးကြရတယ်။

ဒီစာချုပ်ကို သက်ဆိုင်ရာတို့က နောက်နောင်အငြင်းအခုန်မဖြစ်ရအောင်
စောဒကမတက်နိုင်အောင် လက်မှတ်ရေးထိုးကြရတယ်။
သဘောတူညီမှုအတွက် သက်သေအထောက်အထားဖြစ်စေဖို့ပါဘဲ။
သက်ဆိုင်သူတွေ လေးစားလိုက်နာရတယ်။

ဒီမှာ စာချုပ်ဆိုတာဖြစ်လာရတယ်။ ဒီစာချုပ်ကို သက်ဆိုင်ရာတို့ကနောက်နောင်အငြင်းအခုန်မဖြစ်ရအောင် စောဒကမတက်နိုင်အောင်လက်မှတ်ရေးထိုးကြရတယ်။ သဘောတူညီမှုအတွက် သက်သေအထောက်အထားဖြစ်စေဖို့ပါဘဲ။ သက်ဆိုင်သူတွေ လေးစားလိုက်နာရတယ်။ ဒါဟာ လူ့အဖွဲ့အစည်းဖြစ်စဉ်ရဲ့အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုပါ။

ဒီလိုနဲ့ လူ့အဖွဲ့အစည်းမှာ ၂၀ ရာစုနှစ်အထိ ဘာသာရေးပဋိပက္ခနိုင်ငံရေးပဋိပက္ခ၊ စီးပွားရေးပဋိပက္ခ၊ လူမှုရေးပဋိပက္ခတွေဟာ မရည်မတွက်နိုင်အောင် ဖြစ်ပေါ်ခဲ့တယ်။ ဂဏန်းဝါမျှသဲစုမက ပဋိပက္ခတွေရှိခဲ့တယ်။ ရှိနေတုံးပါပဲ။ ပဋိပက္ခကြီးထွားလာလို့ဘဲ ၂၀ ရာစုနှစ်ထဲမှာ ကမ္ဘာစစ်ကြီးနှစ်ကြိမ်ဖြစ်ပေါ်ခဲ့ရပြီ။ ပဋိပက္ခကို အေးချမ်းစွာဖြေရှင်းလို့မရကြတော့ တင်းမာတဲ့သဘောဆောင်လာပြီး နောက်ဆုံးတဘက်နဲ့တဘက်၊ လူမျိုးတမျိုးနဲ့တမျိုး၊ တနိုင်ငံနဲ့တနိုင်ငံ စစ်တိုက်ကြတော့တာဘဲ။

လူ့အဖွဲ့အစည်းတိုးတက်မှုအရ ဆိုင်ရာဒေသအလိုက် လူမျိုးအလိုက် စာပေစကား ယဉ်ကျေးမှု ဓလေ့ထုံးစံဆိုတာ ရှိလာကြတယ်။ နှစ်ပေါင်းရှည်ကြာစွာ ခက်ခက်ခဲခဲစုဆောင်းထိန်းသိမ်းလာခဲ့ရတဲ့ အမွေအနှစ်တွေ အမြတ်တနိုးကျင့်သုံးလာကြတယ်။ ပဋိပက္ခဖြစ်လာတဲ့အခါဒီအမွေအနှစ်တွေ အလုခံအဖျက်ဆီးခံရမှာစိုးလို့ မပျောက်မပျက်ရအောင်ထိန်းသိမ်းကာကွယ်မှု၊ တန်ပြန်ခုခံတိုက်ခိုက်မှုတွေ ရှိလာရတယ်။

အမြတ်တနိုးထားရှိတဲ့ အမွေအနှစ်တွေ အဖျက်အဆီးမခံရအောင်တစုတဖွဲ့တည်းက မကာကွယ်နိုင်တော့ နီးစပ်ရာလူ့အဖွဲ့အစည်းနဲ့အပေါင်းအဖော်လုပ်ပြီး စုပေါင်းကာကွယ်လာကြတယ်။ အကျိုးတူပူးပေါင်းခြင်းပါဘဲ။ လူမျိုးပူးပေါင်းမှုကနေ တိုင်းပြည်နိုင်ငံပူးပေါင်းမှုပြုလုပ်ပြီး မိမိတို့ရဲ့အမွေအနှစ်ကို ထိန်းသိမ်းကြရတာပါ။ ဒီမှာဘဲပြည်ထောင်စုဆိုတာဖြစ်ပေါ်လာရတာဘဲ။

ဒီပြည်ထောင်စုအဖွဲ့ဝင်နယ်မြေဒေသတိုင်း လူမျိုးတိုင်းဟာ သူ့ဆိုင်ရာ လူမျိုး စာပေ ယဉ်ကျေးမှု ဓလေ့ထုံးစံကို မွေးရာပါအမွေအနှစ်အဖြစ် အမြတ်တနိုးထိန်းသိမ်းထားကြရတာဘဲ။ ဒါ့ကြောင့် ကမ္ဘာစစ်ကြီးရဲ့ဒဏ်ကိုခံကြရတဲ့ ဗမာလူမျိုးနဲ့ တောင်တန်းဒေသလူမျိုးတွေဟာအကျိုးတူကိစ္စတွေအတွက် ကာကွယ်စောင့်ရှောက်ဘို့ကတိခံဝန်ချက်ခိုင်ခိုင်မာမာနဲ့ ပင်လုံစာချုပ်ကို ၁၉၄၇ ဖေဖော်ဝါရီ (၁၂) ရက်နေ့မှာသဘောတူလက်မှတ်ထိုးခဲ့ကြတာ ဖြစ်တယ်။

ဗမာတွေဟာဗမာတိုင်းရင်းသားကိုချစ်ရမယ်။ ဗမာတိုင်းရင်းသားရဲ့စကား စာပေ ယဉ်ကျေးမှု ဓလေ့ထုံးစံကို ထိန်းသိမ်းရမယ်။ ကာကွယ်ရမယ်။ ဗမာ့ဇာတိသွေး ဇာတိမာန် အမျိုးဂုဏ်ကိုမြှင့်တင်ရမယ်။ ဒါဟာဗမာရဲ့လူသားမွေးရာပါအခွင့်အရေးနဲ့ ရပိုင်ခွင့်တွေဘဲ။ ဒါပေမဲ့ (လူ့အဖွဲ့အစည်းမှာပါဝင်နေတဲ့လူသားတွေဘဲဖြစ်တဲ့) ပြည်ထောင်စုထဲပါဝင်နေတဲ့ တခြားတိုင်းရင်းသားလူမျိုးတွေရဲ့အမျိုးဂုဏ်သိက္ခာ ဘာသာစကား စာပေယဉ်ကျေးမှု ဓလေ့ထုံးစံကို ထိပါးစော်ကားဘို့ မဟုတ်ဘူး။ ဗမာတိုင်းရင်းသားတွေရဲ့ မွေးရာပါလူသားအခွင့်အရေးကို အထိမခံသလို၊ ကာကွယ်ထိန်းသိမ်းကြသလို၊ စော်ကားလာရင် မကျေနပ်သလို၊ တန်ပြန်ခုခံကြသလို၊ ကျန်တခြားတိုင်းရင်းသားတွေကလည်း သူတို့ရဲ့မွေးရာပါအခွင့်အရေးကို အထိမခံချင်ကြပါဘူး။ ကာကွယ်ကြမှာပဲ။ စော်ကားလာရင် တန်ပြန်ခုခံတွန်းလှန်ကြမှာဘဲ။ သူတို့ တာဝန်ရှိတာ သူတို့လုပ်ရမှာပဲ။ ဒါဟာအမှန်တရားပါ။ ဒါဟာလူဖြစ်လာပြီဆိုရင် မွေးလာကတည်းက သေတဲ့အထိ အလိုအလျောက်တာဝန်အဖြစ်ကပ်ပါ လာတာဘဲ။ ဗမာတွေလည်း နယ်ချဲ့အင်္ဂလိပ်နဲ့ ဖက်ဆစ်ဂျပန်ရဲ့ ကျွန်ဖြစ်ခဲ့ဖူးတော့ ဒါကို စာနာနိုင်လောက်ပါတယ်။

**လွတ်လပ်စွာ လုပ်ပိုင်ခွင့်ကျင့်သုံးပိုင်ခွင့်ရှိတဲ့ပြည်ထောင်စုမျိုးကိုသာ တောင်တန်းသားတွေတည်ဆောက်ချင်တာပါ။ ဒီလိုပြည်ထောင်စုမျိုးတည်ဆောက်ဘို့သဘောတူညီမှုမရရင်လည်း ယခင်ရှိရင်းစွဲပုံစံအတိုင်း ကိုယ့်ဟာကိုယ်နေသွားကြတာကောင်းပါတယ်**

ဒီပြည်ထောင်စုကြီးကို ၁၉၆၂ မှာ ဗိုလ်နေဝင်းဖျက်ဆီးပစ်ခဲ့လို့ ပြည်ထောင်စုဆိုတာလည်း မရှိတော့ပါဘူး။ အခုရှိနေတာက မဟာဗမာနယ်ချဲ့လက်ဟောင်းလို့ဘဲပြောရမလား? မဟာဗမာနယ်ချဲ့လက်သစ်လို့ဘဲပြောရမလား? စစ်အင်အားနဲ့နှစ်ရှည်မောင်ပိုင်စီးလုပ်ပြီး အနိုင်ကျင့်နေတာကြောင့် ရခိုင်၊ မွန်အပါအဝင် တောင်တန်းဒေသအမျိုးသားတွေရဲ့ ခုခံတော်လှန်မှုတွေ ရင်ဆိုင်လာရတာ နှစ်ပေါင်း ၅၀ ကျော်ပါပြီ။ သူမနိုင်ငါမနိုင်တိုက်ခိုက်လာကြတာ ဗမာလူမျိုးရော နယ်စပ်တောင်တန်းလူမျိုးတွေပါ ဖွတ်ဖွတ်ကြေဒုက္ခရောက်နေကြပါပြီ။ တိုးတက်နေတဲ့ ကမ္ဘာ့အလယ်မှာ ဗမာပြည်သူတွေဟာ ဒုက္ခအရောက်ဆုံးနဲ့အဆင်းရဲဆုံး ဘဝပျောက်နေပါပြီ။

ဒီလိုဖြစ်ရတာဟာ ဗိုလ်ချုပ်အောင်ဆန်းမရှိတဲ့နောက် ဗမာတိုင်းရင်းသားခေါင်းဆောင်တွေ ပင်လုံစာချုပ်ကို အသိအမှတ်ပြု လေးစားမှုမရှိဘဲ သစ္စာဖေါက်ဖျက်ဆီးလိုက်ကြလို့ဖြစ်တယ်။ မဟာဗမာခေါင်းဆောင်တွေရဲ့ လိမ်ညာယုတ်မာတဲ့ ကလိမ်ကကျစ်လုပ်ရပ်ကြောင့် အနာဂတ်ဗမာတိုင်းရင်းသားအပေါ် ယုံကြည်မှုကင်းမဲ့လုနီးပါးဖြစ်ပြီး အနာဂတ်တောင်တန်းဒေသတိုင်းရင်းသားတွေအတွက် အရင်းအနှီးများစွာပေးလိုက်ရတဲ့ သင်္ခန်းစာဖြစ်စေခဲ့တယ်။ ဒါဟာဗမာတိုင်းရင်းသားတွေအတွက် စက်ဆုပ်ဖွယ် ရှက်ဘွယ်အကောင်းဆုံး ဂုဏ်သိက္ခာမဲ့မှုကြီးဖြစ်ပါတယ်။

ဒါကြောင့် ဒီနေ့မရှိတော့တဲ့ ပြည်ထောင်စုအတွက် ပြည်ထောင်စုနေ့ဆိုတာလဲ အချိန်ကုန်ငွေကုန်ခံပြီး ပြည်သူလူထုကို ဒုက္ခပေးလိမ်နေဘို့ ပြောနေဘို့မလိုတော့ပါဘူး။ ရှက်ဘို့ကောင်းပါတယ်။ နှစ်ပေါင်း (၅၀) ကျော် လိမ်ညာလာတာကို ရပ်တန်းကရပ်လိုက်ပါ။ ဆိုင်ရာဆိုင်ရာလူမျိုးတိုင်းရဲ့အမွေအနှစ်တွေဖြစ်တဲ့ လူမျိုး၊ ဘာသာ၊ စကား၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံကို ကာကွယ်စောင့်ရှောက်ပေးမဲ့၊ လွတ်လပ်စွာလုပ်ပိုင်ခွင့်ကျင့်သုံးပိုင်ခွင့်ရှိတဲ့ ပြည်ထောင်စုမျိုးကိုသာ တောင်တန်းသားတွေ တည်ဆောက်ချင်တာပါ။ ဒီလိုပြည်ထောင်စုမျိုးတည်ဆောက်ဘို့သဘောတူညီမှုမရရင်လည်း ယခင်ရှိရင်းစွဲပုံစံအတိုင်းကိုယ့်ဟာကိုယ်နေသွားကြတာ ကောင်းပါတယ်။ တဦးနဲ့တဦး မစော်ကားကြ မလုယက်ကြ မတိုက်ခိုက်ကြ မဖျက်ဆီးကြရင် တော်ပါပြီ။ ဓါးမဦးချ ကျေးရွာတွေအဓမ္မရွှေ့ပြောင်းခိုင်း၊ အိမ်ရှာမီးရှို့၊ အဓမ္မလုပ်အားခိုင်း၊ ပေါ်တာဆွဲ၊ ကိုယ်ဝန်ဆောင်ဗိုက်ကြီးသည်မကျန် မုဒိန်းကျင့်၊ ရိုက်နှက်သတ်ဖြတ်တာတွေဟာ ဗမာနဲ့ပြည်ထောင်စုလုပ်မှဘဲ နယ်ချဲ့အင်္ဂလိပ်၊ ဖက်ဆစ်ဂျပန်တွေရဲ့ လုပ်ရပ်ထက်ပိုပြီးဆိုးဆိုးဝါးဝါးခံစားရတယ်။

ဒါကြောင့် အလိမ်အညာပြည်ထောင်စုမျိုးတော့ မလိုချင်တော့ပါဘူး။ မပါဝင်ပါရစေနဲ့တော့။ ကိုယ့်ဆိုင်ရာလူ့အဖွဲ့အစည်း အသိုင်းအဝိုင်းနဲ့ဘဲ ရာသီဥတုအေးချမ်းတဲ့ တောင်ပေါ်ဒေသမှာ အေးအေးလူလူနေချင်ပါတယ်။

လူသားတွေရဲ့မွေးရာပါ လူ့အခွင့်အရေးကို စော်ကားဖျက်ဆီးတဲ့ နိုင်ငံရေး စစ်ရေးခေါင်းဆောင်တွေအမြန်ဆုံး ကျဆုံးပါစေ။

နယ်စပ်တောင်တန်းသားများနဲ့အမှန်တရားမြတ်နိုးသူ ဗမာပြည်ပြည်သူလူထုအားလုံး ဘေးဘယါဝေးကွာပြီး အမြန်ဆုံးလွတ်မြောက်နိုင်ကြပါစေ။

**စဝ်နော်လိတ် (မိုင်းနောင်)**

၁၂၊၂၊၂၀၀၆



သျှမ်းစော်ဘွားများ၊ တောင်တန်းဒေသကိုယ်စားလှယ်များနှင့် ဗိုလ်အောင်ဆန်းတို့ တောင်တန်းနှင့်မြေပြန့်အတူတကွ ပြည်ထောင်စုတည်ဆောက်ရန် သမိုင်းဝင်ပင်လုံစာချုပ်ချုပ်ဆိုစဉ်



INDP BUR 223.PMD 36 24/3/2549, 16:56



# ထိုင်းတွင် စင်္ကာပူဆန့်ကျင်ရေးခံစားချက်များ ကြီးထွားနေ



**ဘာသာပြန်ဆောင်းပါး**

ထိုင်းဝန်ကြီးချုပ်ထတ်ဆင် ချင်းနဝပ် ရာထူးကနုတ်ထွက်ဖို့ တစိုက်မတ်မတ် ဆန္ဒပြတိုက်ပွဲဝင်တောင်းဆိုနေကြတဲ့ ဒီမိုကရေစီပြည်သူ့မဟာမိတ်အဖွဲ့ချုပ် People's Alliance for Democracy (PAD) ဟာ နောက်ပိုင်းမှာစင်္ကာပူကိုပါ သပိတ်မှောက်လာပါတယ်။ ထိုင်းနိုင်ငံရဲ့ နိုင်ငံရေး စီးပွားရေး အားနည်းချက်နဲ့ဟာကွက်တွေကိုအသုံးချပြီး သူ့အကျိုးစီးပွားအတွက် အသားယူဖောက်စားနေတာတွေကို ဝိုင်းဝန်းဖေါ်ထုတ်ဆန့်ကျင်ကြဖို့ PAD က လူထုကို စည်းရုံးလှုံ့ဆော်နေပါတယ်။

စင်္ကာပူဟာ အာဆီယံ ၁၀ နိုင်ငံထဲမှာ အသေးငယ်ဆုံးတိုင်းပြည်ဖြစ်ပေမဲ့ ဒေသတွင်း နိုင်ငံကြီးအချို့ရဲ့စီးပွားရေးပြိုင်ဖက် ကုန်သွယ်ရေးပြိုင်ဖက်ကြီးဖြစ်နေပါတယ်။

ကနဦးပိုင်းမှာ အင်ဒိုနီးရှားနဲ့မလေးရှားတို့ဟာ စင်္ကာပူရဲ့အဓိကပြိုင်ဖက်ရန်သူကြီးပါ။ စီးပွားရေးအရ အဲဒီ ၂ နှစ်နိုင်ငံအပေါ် အသာစီးရဖို့ လက်ဦးမှုရှိဖို့ လက်ဝါးကြီးအုပ်ဖို့ နည်းလမ်းပေါင်းစုံ အသောမသတ် ကြိုးပမ်းခဲ့ပါတယ်။

ဒါပေမဲ့ မလေးနဲ့အင်ဒိုခေါင်းဆောင်တွေဟာ ကိုယ့်တိုင်းပြည်ကို မရောင်းစားခဲ့ကြဘူး။ အမြဲတမ်းကာကွယ်ထိန်းသိမ်းပြီး မိမိပြည်သူကို မထိန်မချန်စဉ်ဆက်မပြတ် ရှင်းလင်းတင်ပြခဲ့ကြတယ်။ ဒါ့ကြောင့်လဲ မလေးနဲ့ အင်ဒိုပြည်သူတွေအဖို့ စင်္ကာပူဟာ မိမိတို့ရဲ့စီးပွားရေးအန္တရာယ်၊ ကုန်သွယ်ရေးနယ်ပယ်ရန်သူဆိုတာ နားလည်သဘောပေါက်လာခဲ့ကြတယ်။

နောက်ပိုင်းကျတော့ စင်္ကာပူဟာ ထိုင်းဘက်မြှားဦးလှည့်လာတယ်။ အစပိုင်းတော့ ရိုကျိုးအားကိုးတဲ့ပုံစံနဲ့အပြန်အလှန်ဖလှယ်ရေး၊ အသေးအဖွဲ့ပူးပေါင်းဆောင်ရွက်ရေးအဆင့်တွေနဲ့ အောက်ကျို့ချဉ်းကပ်လာတယ်။ လုပ်ရင်းလုပ်ရင်းနဲ့ ထိုင်းရတ့်ထိုင်း ထိပ်သီးနိုင်ငံရေးသမားအချို့က ကိုယ့်ကိုယ်ကိုရောင်းစားပြီး စင်္ကာပူရဲ့ စီးပွားရေးကျွန်ဖြစ်သွားကြတယ်။ တနိုင်ငံလုံးရဲ့စီးပွားရေးအသက်သွေးကြောဖြစ်တဲ့ ဘဏ်လုပ်ငန်းအားလုံးနီးပါးကို စင်္ကာပူက ချုပ်ကိုင်တော့မဲ့အဆင့်အထိပါဘဲ။

စင်္ကာပူအစိုးရပိုင် တေမာဆက်ကုမ္ပဏီကို ထတ်ဆင်ချင်းနဝပ်မိသားစုပိုင် ရှင်းခေါ့ပ်ကုမ္ပဏီက မိမိအစုရှယ်ယာအားလုံးရောင်းပေးလိုက်တာဟာ တိုင်းပြည်ရဲ့အနာဂတ်စီးပွားရေးနဲ့ထိုင်းလုပ်ငန်းရှင်တွေ စင်္ကာပူလက်ခုပ်ထဲက ရေဘဝရောက်သွားတာနဲ့အတူတူဖြစ်တယ်။ အဲဒီကနေ ထိုင်းရဲ့စိုက်ပျိုးရေးကုန်သွယ်မှုလုပ်ငန်း၊ မရွှေ့ပြောင်းနိုင်တဲ့ မြေအိမ်တိုက်တာရောင်းဝယ်ရေးလုပ်ငန်း၊ အစုရှယ်ယာဈေးကွက်ချုပ်ကိုင်မှုလုပ်ငန်းကဏ္ဍတွေလဲပဲ စင်္ကာပူလက်ထဲ ဝကွက်အပ်လိုက်သလိုဖြစ်တယ်။ နောက်ဆုံး – ထိုင်းဘတ်ငွေ တန်ဖိုးအတက်အကျလဲပဲ စင်္ကာပူအပေါ်မူတည်ရတော့မှာ ဖြစ်တယ်။ ထိုင်းရဲ့ပြည်ပကုန်သွယ်မှု၊ ပြည်ပကုန်တင်ပို့မှုတွေလဲပဲ စင်္ကာပူရဲ့ထိန်းချုပ်မှုအောက်မှာ ရောက်သွားနိုင်ပါတယ်။

ပြည်တွင်းစိုက်ပျိုးထွက်ကုန်အတက်အကျအစ၊ အနာဂတ် ထိုင်းတောင်သူလယ်သမားဘဝ၊ လောင်စာ/လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ ရေကြောင်း၊ လေကြောင်းခရီးသွားကဏ္ဍအဆုံး စင်္ကာပူလက်ထဲအကုန်ကျရောက်တော့မယ်။ (သောက်သုံး)ရေလုပ်ငန်း၊ တယ်လီဖုံးလုပ်ငန်းတွေလဲပဲ အဝါးမြိုခံရတော့မှာဖြစ်တယ်။ နိုင်ငံ့လုံခြုံမှုအတွင်းရေးကိစ္စအထိပါပဲ။ အဲဒါတွေဟာ အာဏာရထိုင်းနိုင်ငံရေးသမားတွေနဲ့စင်္ကာပူကုမ္ပဏီတို့ရဲ့ လက်ဝါးချင်းရိုက်မှုတွေကြောင့်ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ၅ နှစ်ကစပြီး ကန်ဂျန၊ အုဒွန်းနဲ့ခွမ်ကဲန် ၃ ခရိုင်ကို စင်္ကာပူက စစ်ရေးဆိုင်ရာကိစ္စတွေမှာအသုံးချဘို့ နယ်မြေအတော်များများငှားရမ်းခဲ့ရာမှာ အစိုးရနဲ့ စာချုပ်ချုပ်ခဲ့တယ်။ အခြေခံဥပဒေအရ ပါလီမန်လွှတ်တော်နဲ့တိုင်ပင်မှု၊ ဒေသခံလူထုရဲ့ဆန္ဒခံယူမှုစတာတွေ မပြုလုပ်ခဲ့ပါဘူး။ ကန်ဂျနပူးရီးခရိုင်ကို စစ်သားလေ့ကျင့်ရေးစခန်း၊ ခွမ်ကဲန်ခရိုင်ကို စစ်လက်နက်စမ်းသပ်ကွင်း၊ အုဒွန်းဌာနီခရိုင်ကို လေကြောင်းကာကွယ်မှုလေ့ကျင့်ရေးစခန်းအဖြစ်ပြုလုပ်ပြီး မထီလေးစားဥဒဟိုဝင်ထွက်သွားလာဆင်းသက်နေတာဟာ ထိုင်းနိုင်ငံရဲ့အချုပ်အခြာအာဏာကို စော်ကားနေတာဖြစ်တယ်။

အဲဒါတွေဟာ တိုင်းပြည်ကို ရောင်းစားတဲ့ စီးပွားရေးလောဘသားနိုင်ငံရေးသမားတွေကြောင့် ဖြစ်တယ်။ ဒါကို ထိုင်းပြည်သူတွေ သိရှိခွင့်မရရှိခဲ့ကြပါဘူး။ ဒီမိုကရေစီပြည်သူ့မဟာမိတ်အဖွဲ့ချုပ်က ၉၊၃၊၀၆ နေ့ စင်္ကာပူသံရုံးရှေ့သွားရောက်စုရုံးပြီး ရှင်းလင်းတင်ပြတော့မှပဲ လူထုသိခွင့်ရတော့တယ်။

အဲဒီသတင်းအချက်အလက်တွေဟာ မျိုးချစ်ပြည်ချစ်အုပ်စုတွေဖြစ်တဲ့ တပ်မတော်၊ ဝန်ထမ်း၊ စီးပွားရေးလုပ်ငန်းရှင်၊ ဒေသခံပြည်သူတွေဆီက ထွက်ပေါ်လာတာဖြစ်တယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း တရာနီးပါး အခုဂျက်ဂရီးမင်းဆက် ၅ လက်ထက်မှာ ဆယာမ်(သျှာမ်)နိုင်ငံ(ယခင်ထိုင်းအမည်)ဟာ ပြင်သစ်နယ်ချဲ့လက်ထဲ မဲခေါင်မြစ်ယာဘက်ကမ်းနယ်မြေတွေ ဆုံးရှုံးခဲ့ရတယ်။ အင်္ဂလိပ်နယ်ချဲ့လက်ထဲ အနောက်တောင်ဘက်ဒေသ နယ်မြေတွေလက်လွှတ်လိုက်ရတယ်။ နယ်ချဲ့တိုင်းတပါးရဲ့ခေတ်မီစစ်လက်နက်ပစ္စည်းနဲ့ဩဇာတိက္ကမအရှိန်အဝါကြောင့် အားမတန်မာန်လျှော့လိုက်ရတာ ဖြစ်တယ်။

အဲဒီတုံးက ၅ ဆက်မြောက်ဘုရင်မင်းမြတ်ကိုယ်တော်တိုင် သေလုမျောပါး ယူကြုံးမရ စိတ်ဓါတ်တော်ကျ ဗျာပါဒကြီး သောကမီးတောက်လောင်ခဲ့ရတယ်။ ကိုယ်တော်မြတ်လက်ထက်ထဲမှာမှ တိုင်းတပါးလက်ထဲနယ်မြေပိုင်နက်လက်လွှတ်ဆုံးရှုံးခဲ့ရလို့ပါပဲ။

အဲဒီနာကျည်းမှုဖြစ်ရပ်တွေဟာ ယနေ့တိုင် တိုင်းသူပြည်သားတွေရဲ့ နှလုံးသဲပွတ်မှာ မြုပ်နှံထင်ဟပ်နေဆဲဖြစ်တယ်။ အချုပ်အခြာပိုင်နက်ကို ထိန်းသိမ်းစောင့်ရှောက်ဘို့ ထောင်မြင်ရာစွန့် လက်လွှတ်လိုက်ရတဲ့ သမိုင်းသင်္ခန်းစာကြီးဖြစ်လို့ နောက်နောင်ထပ်မပေါ်ပေါက်ရလေအောင်




သတိထားရှောင်ရှားရမဲ့အချက်ကြီးဖြစ်တယ်။ မင်းတရားကြီးရဲ့မှန်ကန်တဲ့ ဆုံးဖြတ်ချက်မဟုတ်ခဲ့ရင် ထိုင်းနိုင်ငံတော်ဆိုတာ ကနေ့အထိရှိခဲ့မှာမဟုတ်ပါဘူး။

ကနေ့မျက်မှောက်ကာလမှာ ဘယ်မဟာအင်အားကြီးနိုင်ငံမှ စွမ်းအားထက်မြက်တဲ့ စစ်လက်နက်အားကိုးနဲ့ထိုင်းနိုင်ငံကို ကျူးကျော်သိမ်းပိုက်ဘို့ အားထုတ်တာမရှိပါဘူး။ ဒါပေမဲ့ ကိုယ်ကျိုးရှာ ထိုင်းနိုင်ငံရေးသမားတချို့က (နယ်မြေငှားရမ်းမှု၊ အကျိုးစီးပွားလဲလှယ်မှု၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရောင်းချမှု)ပုံစံသစ်တမျိုးနဲ့ တိုင်းပြည်ကိုရောင်းစားနေပါတယ်။

တရုတ်လက်ထဲကနေ ဟောင်ကောင်ကျွန်းကိုကြီးစိုးခဲ့တဲ့ အင်္ဂလိပ်ပုံစံ၊ မကာအိုကိုအပိုင်စားခဲ့တဲ့ ပေါ်တူဂီပုံစံတွေဖြစ်တယ်။ တရုတ်က နှစ်ရှည်လများကြိုးစားမှ ပြန်ရခဲ့တာဖြစ်တယ်။

ကနေ့ ထိုင်းနိုင်ငံရင်ဆိုင်ရတဲ့ ပြည်ပစီးပွားရေးစွက်ဖက်ကျူးကျော်မှုဆိုရင် ဒီမိုကရေစီပြည်သူ့မဟာမိတ်အဖွဲ့ PAD က ဖွင့်ချမှဘဲ လူထုသိခွင့်ရတော့တယ်။ အရင်က ဒီအရုပ်တော်ပုံကို ပြည်သူလူထုသိခွင့်မရှိကြပါဘူး။

စင်္ကာပူက ထိုင်းနယ်မြေပိုင်ဆိုင်ခွင့်တွေ ပြန်မရုပ်သိမ်းဘူးဆိုရင် ထိုင်းရဲ့ရန်သူအဖြစ် ကြေငြာရလိမ့်မယ်။ ကနေ့ – ထိုင်းမှာရှိတဲ့ စင်္ကာပူလူမျိုးနဲ့စင်္ကာပူစီးပွားရေးလုပ်ငန်းမှန်သမျှ၊ စင်္ကာပူအကျိုးစီးပွားမှန်သမျှ မောင်းထုတ်ပစ်ရမှာဖြစ်တယ်။

ဒါပေမဲ့ ထိုင်းမှာထတ်ဆင်စနစ်ရှိနေသေးသမျှ ပြည်ပစီးပွားရေးချုပ်ကိုင်မှု ဂုတ်သွေးစုပ်အမြတ်ထုတ်မှုကို ကယ်တင်နိုင်မှာမဟုတ်ဘူး။ ပြည်သူကို လွတ်မြောက်စေနိုင်မှာ မဟုတ်ဘူး။ ထတ်စင်တို့အုပ်စုက သူခိုးခါးရိုးကမ်းပြီး အကာအကွယ်ပေးနေလို့ပါဘဲ။ ဒင်းတို့ဟာ သုဝဏ္ဏဘူမိလေဆိပ်သစ်နယ်မြေနဲ့ ထိုင်းနိုင်ငံတောင်ပိုင်းနယ်မြေ အတော်များများကို စင်္ကာပူလက်ထဲနောက်ထပ်ထိုးအပ်ဖို့ အစီအစဉ်ရှိသေးတယ်။

မျိုးချစ်ပြည်ချစ်တိုင်းသူပြည်သားအပေါင်းတို့ – နိုင်ငံပိုင်နယ်မြေနဲ့ အကျိုးစီးပွားမှန်သမျှ ကိုယ်ကျိုးရှာ ဝိသမလောဘသားတွေလက်က –တိုင်းတပါးစီးပွားရေးနယ်ချဲ့သမားလက်က အမြန်လွတ်မြောက်ဘို့ ဝိုင်းဝန်း ကယ်တင်ကြပါစို့။

ဖုဂျတ်ကန် မော်ကွန်းမှတ်တမ်း
မတ်လ ၁၀ ရက် ၂၀၀၆





INDP BUR 223.PMD 38 24/3/2549, 16:57

# အာဏာရှင်ဟောင်းတယောက်ရဲ့ ဘဝနိဂုံး

အရင်ကယူဂိုစလားဗီးယားနိုင်ငံရယ်လို့ အများသိကြတဲ့ အခု ဆားဗီးယားနိုင်ငံရဲ့ အာဏာရှင်ဟောင်း "ဆလိုဗိုဒန် မလောစဗစ်"ဟာ နယ်သာလန်နိုင်ငံ "သည်ဟိတ်ဂ်"အကျဉ်းထောင်ထဲမှာ ကွယ်လွန်ခဲ့ပါပြီ။ နိုင်ငံတကာစစ်ခုံရုံးကနေ သူ့ကိုစစ်ရာဇဝတ်မှုခင်းတွေနဲ့ လူမျိုးတုန်းသတ်ဖြတ်မှုပေါင်း ၆၀ ကျော်နဲ့တရားစွဲဆိုပြီး ရုံးတင်စစ်ဆေးနေခဲ့တာ ၄ နှစ် ရှိခဲ့ပါပြီ။ သူ့ရဲ့ကျန်းမာရေးအခြေအနေက အတော်လေးဆိုးခဲ့တာကြောင့် အမှုစစ်ဆေးတာကို အကြိမ်ကြိမ်ဆိုင်းငံ့ခဲ့ရပါတယ်။

ဆလိုဗိုဒန် မလောစဗစ်ဟာ ၁၉၈၉ ခုနှစ်မှာ ဆားဗီးယားနိုင်ငံရဲ့ သမတဖြစ်လာခဲ့သူပါ။ ယခင်ယူဂိုဆလားဗီးယားနိုင်ငံဟောင်းကနေ ၁၉၉၁ ခုနှစ်မှာ ဆလိုဗေးနီးယားနဲ့ခရိုအေးရှားနိုင်ငံတွေ လွတ်လပ်ရေးကြေငြာပြီး အသီးသီးခွဲထွက်ခဲ့ကြပါတယ်။ ဒီလိုခွဲထွက်ခဲ့တာကြောင့် မစ္စတာ မလောစဗစ်က ဆလိုဗေးနီးယားနယ်စပ်ကို တင့်ကားတွေစေလွှတ်ပြီး တုံ့ပြန်ခဲ့ပါတယ်။ ဆလိုဗေးနီးယားမှာ စစ်ပွဲတွေဖြစ်ပွားခဲ့ရပြီးနောက် ဆလိုဗေးနီးယားနိုင်ငံ သီးခြားလွတ်မြောက်ခဲ့ပါတယ်။ အဲဒီနောက် ခရိုအေးရှားမှာရှိတဲ့ "ဆာဗ့်"လူမျိုးတွေကို လက်နက်ကိုင်တိုက်ပွဲဝင်ကြဖို့ သူအားပေးအားမြောက်လုပ်ခဲ့ရာမှာ ပြည်တွင်းစစ်မီးက ဆယ်စုနှစ်တစ်ခုနီးပါး အရှိန်နဲ့တောက်လောင်ခဲ့ပြီး ဘော့စ်နီးယားဟာကီကိုဗီးနားနဲ့ ကိုဆိုဗိုထိတောင် ကူးစက်ပျံ့နှံ့ခဲ့ပါတယ်။

၁၉၉၉ ခုနှစ်က ကိုဆိုဗိုမှာ တိုင်းရင်းသားလူနည်းစုတွေအပေါ် မစ္စတာမလောစဗစ်ရဲ့ လူမျိုးတုံးသတ်ဖြတ်တဲ့စည်းရုံးလှုံ့ဆော်မှုကြောင့် နေတိုးတပ်ဖွဲ့တွေစေလွှတ်ပြီး ကိုဆိုဗိုရှိ "အယ်လ်ဘေးနီးယန်း"လူမျိုးတွေကို အကာအကွယ်ပေးခဲ့ရပါတယ်။ အဲဒီမှာ ဒေသတည်ငြိမ်ရေးအတွက် ကိုဆိုဗိုမှာရှိတဲ့ ဆားဗီးယားတပ်ဖွဲ့တွေကို မောင်းထုတ်နိုင်ခဲ့ပါတယ်။ ဆားဗီးယားတပ်ဖွဲ့တွေကို ဒီလိုမောင်းထုတ်ခဲ့ပြီးမကြာမီမှာပဲ ကုလသမဂ္ဂစစ်ခုံရုံးကနေ မစ္စတာမလောစဗစ်ကို စစ်ရာဇဝတ်မှုနဲ့ တရားစွဲဆိုခဲ့ပါတယ်။ သက္ကရာဇ် ၂၀၀၀ ခုနှစ်ရောက်တော့ ဆားဗီးယားနိုင်ငံရဲ့ ဒီမိုကရေစီ နည်းကျရွေးကောက်တင်မြောက်ထားတဲ့အစိုးရက မစ္စတာမလောစဗစ်ကို သည်ဟိတ်ဂ်မြို့ရှိ ယခင်ယူဂိုစလားဗီးယားနိုင်ငံဟောင်းရဲ့ ကုလသမဂ္ဂစစ်ရာဇဝတ်မှုခင်းမျိုးကို လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။

မစ္စတာမလောစဗစ်အပေါ် တရားဝင်ပြစ်ဒဏ်ချမှတ်ပေးနိုင်ခဲ့ခြင်းမရှိပေမဲ့လို့ သမိုင်းကတော့ တရားမျှတစွာစီရင်ချက်ချမှတ်ပေးခဲ့ပြီးပါပြီလို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကွန်ဒိုလီဇာရိုက်စ်က ပြောဆိုလိုက်ပါတယ်။ ဘောလကန်ဒေသတဝန်းရှိ ပြည်သူအများအပြားသေဆုံးခဲ့ကြရတာဟာ မစ္စတာမလောစဗစ်မှာ တာဝန်ရှိတယ်ဆိုတာကတော့ ယုံမှားသံသယရှိစရာမလိုသလို ယူဂိုစလားဗီးယားနိုင်ငံကြီးကို တင်းတင်းကြပ်ကြပ်အုပ်ချုပ်ခဲ့လို့ အစိတ်စိတ်အမွှာမွှာပြိုကွဲခဲ့ရမှုမှာလဲ သူတရားခံပါပဲလို့ မစ္စရိုက်ကပြောပါတယ်။

ကုလသမဂ္ဂစစ်ခုံရုံးအကြီးအကဲ "မစ္စကာလာဒဘောလ်ဂေးလ်"က မစ္စတာမလောစဗစ်ရဲ့ ရာဇဝတ်မှုတွေကဖြင့် ထောင်သောင်းချီတဲ့လူထုအပေါ် ထိခိုက်နစ်နာစေခဲ့တယ်လို့ဆိုပါတယ်။ ဒီကုလသမဂ္ဂစစ်ခုံရုံး




ဆလိုဗိုဒန် မလောစဗစ်၏
ဈာပနာသို့တက်ရောက်လာကြသော ပြည်သူလူထု

အနေနဲ့ရည်ရွယ်ချက်ထမြောက်အောင်မြင်ရေးအတွက် လုပ်ဆောင်စရာတွေအများကြီးကျန်နေပါသေးတယ်။ ဆားဗီးယားနိုင်ငံအနေနဲ့ အခုဆိုရင် အရင်ကထက်ပိုပြီး စစ်ရာဇဝတ်ဝရမ်းပြေး "ရက်စဂို မလတ်ဒစ်ချ်"နဲ့ "ရာဒိုဗန်ကာလာဒစ်ချ်"တို့နှစ်ဦးကိုဖမ်းပေးဖို့ ကြိုးစားလိမ့်မယ်လို့လည်း မျှော်လင့်နေပါကြောင်း မစ္စကာလာဒဘောလ်ဂေးလ်က ပြောပါတယ်။ သူတို့နှစ်ဦးဟာ ဘော့စ်နီးယားက ဆာ့ဗ်ခေါင်းဆောင်တွေဖြစ်ကြပြီး ၁၉၉၅ ခုနှစ်က သူတို့အပေါ်စစ်ရာဇဝတ်မှုနဲ့ တရားစွဲဆိုပြီးကတည်းက ထွက်ပြေးနေခဲ့ကြတာဖြစ်ပါတယ်။

၁၉၉၅ ခုနှစ်က ရှက်ဗက်နီးစတ်မှာ မူဆလင်အမျိုးသားနဲ့ ယောက်ျားလေးငယ်ပေါင်း ၈၀၀၀ ကို အစုလိုက်အပြုံလိုက်သတ်မှုမှာ သူတို့နှစ်ဦးမှတာဝန်ရှိကြတာကြောင့် ရာဇဝတ်မှုနဲ့တရားစွဲဆိုထားတာဖြစ်ပါတယ်။ ဆားဗီးယားနဲ့ မွန်တီနီဂရိုးအစိုးရနဲ့အတူ ဘော်လ်ကန်ဒေသက သက်ဆိုင်သူတွေအားလုံးအနေနဲ့ ကျန်ရှိနေတဲ့ဝရမ်းပြေးတွေကို သည်ဟိတ်မြို့ရှိ ကုလသမဂ္ဂစစ်ခုံရုံးကို လွှဲပြောင်းပေးရေးမှာ ပူးပေါင်းဆောင်ရွက်ကြပါလို့ အမေရိကန်ပြည်ထောင်စုက ဆက်လက်တိုက်တွန်းနေပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆားဗီးယားနိုင်ငံအနေနဲ့ ဥရောပ–အတ္တလန္တိတ်အသိုင်းအဝိုင်းထဲကို ဝင်ဆန့်လာပြီး ဆားဗီးယားနဲ့ဘော်လကန်ဒေသကပြည်သူတွေရဲ့ သာယာဝပြောတဲ့အနာဂတ်နဲ့ ငြိမ်းချမ်းရေးအလားအလာတွေ အားဖြည့်ပေးရာလည်း ရောက်ပါတယ်။

**VOA (16.3.06)**



INDP BUR 223.PMD 39 24/3/2549, 16:57






On 17 March 2006, Thet Naing Oo, a political dissident, was subject to a fatal public beating by police and fire officials.

S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
e-mail: shan@cm.ksc.co.th www.shanland.org